

ရွှေပဒေသာစာပေ
မင်းသားလေးနှင့်
လိုတာရဝတ်ရုံ
မောင်ဆန္ဒ
(လေယ်ဝေး)
ရွှေပဒေသာစာအုပ်အမှတ်(၉)

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
ဖေဖော်ဝါရီလ၊ ၂၀၁၄၊

ထုတ်ဝေသူ - ဦးအေးလွင်(၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ဈေး - ၃၀၀ ကျပ်
အုပ်ရေ - ၂၀၀၀ အုပ်

၈၉၅.၈၃

သန္တ၊ မောင်(လယ်ဝေး)
မင်းသားလေးနှင့် လိုတရဝတ်ရုံ / မောင်သန္တ(လယ်ဝေး)။ - ရန်ကုန်
ရွှေဥစာပေ၊ ၂၀၁၄။
၁၂၈ - စာ၊ ၁၂ × ၁၈ စင်တီ။
(၁) မင်းသားလေးနှင့် လိုတရဝတ်ရုံ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | လိုတရဝတ်ရုံရလိုက်ခြင်း | ၅ |
| ၂။ | လောဘတက်ဘဝပျက် | ၁၁ |
| ၃။ | ခေါင်းဆောင်ကောင်းကို နောက်လိုက်ကမစွန့် | ၁၉ |
| ၄။ | မိတ်ဆွေကောင်းကိုရှာ | ၂၅ |
| ၅။ | အကြောင်းကြောင့် အကျိုးဖြစ် | ၃၅ |
| ၆။ | ရရမည့်ဥစ္စာ | ၄၁ |
| ၇။ | ကုသိုလ်ကံပေး မရသေးက | ၅၁ |
| ၈။ | အကျိုးမဲ့အားထုတ်မှုရလဒ် | ၅၉ |
| ၉။ | ညီညွတ်ဖေးကူမြင့်မြတ်သူ | ၆၅ |
| ၁၀။ | ရေထဲက လမင်း | ၇၅ |
| ၁၁။ | အကျင့်ယုတ် မင်းမလုပ်စေနဲ့ | ၈၅ |
| ၁၂။ | ဦးသူတော်နဲ့ လူလိမ်သုံးယောက် | ၉၁ |
| ၁၃။ | လောဘကြီးသူရဲ့နိဂုံး | ၉၉ |
| ၁၄။ | ရန်လိုလျှင် ရန်ပို | ၁၀၅ |
| ၁၅။ | လျှို့ဝှက်ချက် | ၁၁၁ |
| ၁၆။ | ကြွက်မ | ၁၁၉ |
| ၁၇။ | လိုတရဝတ်ရုံကို ဝတ်ဆင်ခြင်း | ၁၂၅ |

# လိုတရဝတ်ရုံရလိုက်ခြင်း

ကလေးတို့ရေ… တကယ်လို့ ကလေးတို့အဖို့ "လိုတရဝတ်ရုံ"ပေးမယ်ဆိုရင် ကလေးတို့ ဘာလုပ်ကြမလဲ။ ဒီဝတ်ရုံလေး ဝတ်လိုက်ရရင် စူပါမင်းလို စွမ်းအားရှိမယ်။ လိုရာခရီးကို ပျံသန်းနိုင်မယ်။ အဲ… စူပါမင်းရဲ့ဝတ်ရုံက လိုတိုင်းရ တတိုင်း မဖြစ်နိုင်ဘူး။ ဒီဝတ်ရုံဝတ်ပြီး "ငါတာဝတိံသာ နတ်ပြည်ရောက်ချင်တယ်"လို့ ဆန္ဒပြုတာနဲ့ သိကြားမင်းစံရာ တာဝတိံသာကို ရောက်သွားမယ်။ ဝေဇယန္တာနန်းပြာသဒ်ထက် တစ်ချက်တည်း ရောက်သွားမယ်။ ကိုင်း … တာဝတိံသာမသွားချင်ဘူး။ နယူးယောက်မြို့ကို သွားချင်လား… လွယ်မှလွယ်။ တောင့်တလိုက်တာနဲ့ အထင်ကရ မြို့တော်ကြီးကို ရောက်သွားမယ်။ ဒါမှမဟုတ်

ဟိမဝန္တာတောင်ထိပ်တက်ချင်လား... ရောက်စေရမယ်။

ကလေးတို့ရေ... လိုတရဝတ်ရုံဆိုတာ အလိုဆန္ဒရှိလို့ တောင်းတတိုင်းပြည့်စုံစေတဲ့ ဝတ်ရုံကွဲ့။ ရွှေလိုချင်ရွှေ... ငွေလိုချင်ငွေ၊ တိုက်လိုချင်တိုက်၊ ကားလိုချင်ကား... ဘာမဆို တောင်းတလိုက်တာနဲ့ ပြည့်စုံတယ်။ မှန်တာပြောရင် ဒီဝတ်ရုံကို လူတိုင်းလိုချင်ကြပါတယ်။ လိုချင်သူတိုင်းကိုလည်း အလွယ်တကူ ပေးပါတယ်။ ဒါပေမဲ့ သူ့မှာ စည်းကမ်းတစ်ခုရှိတယ်ကွဲ့။ 'လိုတရဝတ်ရုံဝတ်ပြီး သင်အလိုအရှိဆုံးဆန္ဒတစ်ခုကို တောင်းတလိုက်၊ မလွဲမသွေရတော့မယ်။ ဒါပေမဲ့ အဲဒါတစ်ခုကလွဲပြီး တခြားဘာကိုမှ တောင်းတလို့ မရတော့ဘူး။ ထပ်မံတောင်းတရင်လည်း ရပြီးသားစည်းစိမ်ဥစ္စာတွေပါ ပျက်စီးပျောက်ကွယ်သွားတယ်။ အဲဒါကတော့ လိုတရဝတ်ရုံ ရသူဘက်က စောင့်ထိန်းရမယ့် စည်းကမ်းချက်ပါ။ ကလေးတို့ စောင့်ထိန်းနိုင်မလား။ စောင့်ထိန်းနိုင်ရင်တော့ လိုတရဝတ်ရုံရနိုင်ပြီ။ ဒါပေမယ့် စဉ်းစားနော်... ရခွင့်ရှိပေမယ့် စည်းကမ်းချက် မလိုက်နာနိုင်လို့ ပျက်စီးသွားသူတွေ များတယ်။ နမူနာ ပြောပြမယ်။

"တစ်ခါက လောဘအင်မတန်ကြီးတဲ့ လူတစ်ယောက်က သူ့ကို လိုတရဝတ်ရုံပေးပါလို့ တောင်းလာတဲ့အတွက် ပေးလိုက်တယ်။ စည်းကမ်းချက်ကိုလည်း ပြောပြလိုက်တယ်။ လောဘသမားက လိုက်နာပါမယ်ဆိုပြီး "လိုတရဝတ်ရုံ" လက်ခံ

ယူလိုက်တယ်။ ပြီးတော့ ဝတ်ရုံကို ဝတ်လိုက်ပြီး သူလိုချင်တာ တောင့်တလိုက်တယ်။ ကိုင်း ... လောဘသမားက ဘာတောင့်တမယ်ထင်သလဲ။ လောဘသမားဆိုတော့ ချမ်းသာဖို့ပဲ တွက်မှာပေါ့။ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးဖြစ်တဲ့ လူဖြစ်အောင် ဘာတောင့်တရမလဲ။ ရွှေစင်လား ... ငွေသားလား။ အဲရေ အတွက် နည်းနည်းနဲ့ တန်ဖိုးကြီးတာ လိုချင်တယ်။ သေသေချာချာ စဉ်းစားပြီး တောင့်တလိုက်တာက "အိမ်တစ်လုံးနီးနီးကြီးတဲ့ မနောမယပတ္တမြားတဲ့"။ လောဘသမား တောင်းတတဲ့အတိုင်း အင်မတန်အရည်အသွေးကောင်းတဲ့ မနောမယပတ္တမြားလုံးကြီး ရပါတယ်။ ပျော်စရာ...ဝမ်းသာစရာ မကောင်းဘူးလား။ အေး ... လောဘသမားကတော့ မပျော်နိုင်ဘူးတဲ့ကလေးတို့ရေ။ ဒီလောက်ကြီးတဲ့ ပတ္တမြားကို ဘယ်မှာထားရမှန်းမသိ၊ ဘယ်လိုရောင်းရမှန်းမသိ၊ ဘာလုပ်ရမှန်း မသိတော့ဘူး။ ထိုင်ကြည့်နေပြန်တော့လည်း လိုချင်သူတွေက တဖွဲဖွဲရောက်လာတော့ အန္တရာယ်တွေက ဝိုင်းနေတယ်။ ကြာတော့ စိတ်ညစ်ပြီး အနေတော်ပတ္တမြားသာ ပေးပါလို့ တောင့်တမိတယ်။ အဲဒီအခါ သူဟာစည်းကမ်းချိုးဖောက်မိလို့ ရှိပြီးသား စည်းစိမ်ပါ ပျက်စီးသွားတယ်။ ဒီအခါ စိတ်မချမ်းမသာဖြစ်ပြီး ရူးသွားတယ် ကလေးတို့ရဲ့။

အဲ...။ နောက်တစ်ယောက်က ပါရှန်မင်းသားလေးတဲ့။

ရှေ့ဆော

သူလည်း ဒီသတင်းကို ကြားတော့ လိုတရဝတ်ရဲ့ လာတောင်းတယ်။ ပေးလိုက်ပါတယ်။ ဒါပေမဲ့ ထုံးစံအတိုင်း စည်းကမ်းချက်တွေ ပြောပြတာပေါ့။ ဒီအခါ ပါရှန်မင်းသားလေးက "စိတ်ချ၊ ကျုပ်က တစ်ခုတည်း ဆုတောင်းမှာ...နောက်ထပ်လည်း ဘာကိုမှ မတောင့်တဘူး"ဆိုပြီး ဆုတောင်းခဲ့တယ်။ ကဲ... ပါရှန်မင်းသားလေး ဘာဆုတောင်းမယ်ထင်လဲ... ရတွေးကြည့်ကြစမ်း။ ဟုတ်ပြီ... ကလေးတို့ တွေးမရရင် ပြောပြမယ်။ ပါရှန်မင်းသားလေးက "နတ်သမီးတမျှ လှပတဲ့ မိန်းမချောလေးနဲ့ တစ်သက်လုံး ဝမ်းသာပျော်ရွှင်စွာနဲ့ နှစ်ယောက်တည်း နေပါရစေတဲ့"။ ကိုင်း ... ကလေးတို့ရော ဒီဆန္ဒမျိုး မရှိဘူးလား။ နတ်သမီးတမျှ လှပတဲ့ မိန်းမချောလေး... သူနဲ့ နှစ်ယောက်တည်းနေရမှာလေ ... စဉ်းစားပေါ့။ ပါရှန်မင်းသားလေးကတော့ အဲဒီအချိန်ကတည်းက လူ့လောကကြီးထဲက ပျောက်သွားတာ အခုထက်ထိ မမြင်ရတော့ဘူးတဲ့။ ဟုတ်တယ်လေ... သူက မိန်းမချောလေးနဲ့ နှစ်ယောက်တည်း နေချင်တာကိုး။ ဒီတော့ လူသူမရှိတဲ့ အရပ်ဖြစ်ရမယ်... တိရစ္ဆာန်တွေလည်း ကင်းရမယ်။ လောကကြီးထဲမှာ သူတို့နှစ်ယောက်ကလွဲပြီး ဘယ်သူမှ မရှိရဘူး ဆိုတော့ လောကအပြင်ဘက်သွားမှဖြစ်မယ်။ လိုတရဝတ်ရဲ့ဝတ်ပြီး ဆုတောင်းလိုက်ချိန်ကစပြီး ပါရှန်မင်းသားလေးနဲ့ မိန်းမချောလေးဟာ လူ့လောကအပြင် ရောက်သွားတာ ခုချိန်ထိပါပဲတဲ့။

ကိုင်း ... ကလေးတို့ရော ဒီအခွင့်အရေးရရင် ဘာဆုတောင်းမလဲ။ စဉ်းစားနော်။

အဘိုးပညာက ဟန်လင်းနန်းဆက် မင်းသားလေးကို အဲဒီဝတ်ရုံပေးသကွဲ့။ "သင်ဟာ ဣန္ဒြာသံယကြိမ်လုံး ရထားပြီး ဒီအချိန်မှာ လိုတရဝတ်ရုံရှိသင့်တယ်"ဆိုပြီး သူ့အမြဲတမ်း ထိုင်တဲ့ ကျောက်သေတ္တာကြီးထဲက လိုတရဝတ်ရုံကို ထုတ်လိုက်တယ်။ ရှားပါးတဲ့ ကတ္တီပါစနဲ့ချုပ်ထားတဲ့ အစိမ်းရောင်ဝတ်ရုံပါ။ အရွယ်အစားကလည်း မင်းသားလေးနဲ့ အနေတော်ပဲ။ အဲဒီကတ္တီပါစကို ရွှေချည်တွေနဲ့ ချုပ်ထားပြီး ရတနာကိုးပါးနဲ့ စီခြယ်ထားတယ်။ ဝတ်ရုံလေးမြင်ရုံနဲ့ လိုချင်စရာကွဲ့။ ဒါပေမယ့် လိုတရဝတ်ရုံပေးတဲ့အခါ မင်းသားလေးက ခေါင်းရမ်းတဲ့။ အဘိုးပညာတဲ့ သက်မဲ့ဝတ်ရုံကို ခုအချိန်မှာ ကျွန်ုပ်မလိုချင်သေးပါဘူး။ ဒီဝတ်ရုံဘယ်အချိန်မှာ ရသင့်တယ်။ ကျွန်ုပ်ဝတ်ရုံသင့်တယ်ဆိုတာ အဘိုးပညာသိမှာပါ။ အဲဒီအချိန်ကျမှ အဘိုးက ထုတ်ပေးပါ။ ခုတော့ ကျွန်ုပ်သိသင့်တဲ့ အဆုံးအမတွေ ပေးပါဦး"လို့ တောင်းဆိုတယ်။ အဘိုးပညာဟာ မင်းသားလေးရဲ့ အတွေးအခေါ်မှန်ကန်မှုကို သိလိုက်တော့ ဝမ်းမြောက်ဝမ်းသာ ခေါင်းညိတ်လိုက်တယ်။ ပြီးတော့ ကျောက်သေတ္တာကြီးထဲ ဝတ်ရုံလေးပြန်သိမ်းလိုက်တယ်။ "ကောင်းပြီး ... သင်နဲ့ ထိုက်တန်ပြီလို့ ယူဆတဲ့အချိန်မှာ ကျွန်ုပ်ကိုယ်တိုင်ပေးမယ်။ ခုတော့ မိတ်ဆွေဖွဲ့နည်းနဲ့ လူ

လောကတွင်းရှိ လူတွေနဲ့ ဆက်ဆံရမယ့်နည်းတွေ သင်ပေးမယ် ဆိုပြီး မင်းသားလေးကို သူနေတဲ့ ကျောက်ဂူကြီးထဲ ခေါ်သွားပါသတဲ့။

ကလေးတို့ နားထောင်ကြနော်...။

ဖျပဒသာ

# လောဘတက်ဘဝပျက်

ကလေးတို့ရေ… လောဘကြီးသူဟာ အမှားအမှန်ခွဲခြား တတ်တဲ့ အသိဉာဏ်မဲ့သွားတတ်သကွဲ့။ ရွှေသမင်လိုချင်တဲ့ ရာမမင်းသားဟာ ရွှေအစစ် သမင်မရှိနိုင်တာကို မတွက်မိတော့ ဘယ်သမင်မှ မရတော့ဘူး။ လောဘကို မထိန်းနိုင်ရင် အကျိုး မဲ့တတ်တယ်။ ဒါနဲ့ပတ်သက်ပြီး လောဘကြီးတဲ့ ခိုအုပ်အကြောင်း ပြောပြမယ်…။

ကလေးတို့ရေ…။ အလယ်ရိုးမတောင်တန်းကြီးရဲ့ တောင်စွယ်တစ်ခုမှာ ရှေးအခါက ခံတပ်မြို့တစ်မြို့ရှိသကွဲ့။ အဲဒီ မြို့အနီးမှာ သက်တမ်းတစ်ထောင်နီးပါးရှိတဲ့ ညောင်ပင်ကြီး တစ်ပင်ရှိတယ်။ အရိပ်အာဝါသကလည်းကောင်း၊ စားစရာ ညောင်သီးမှည့်တွေကလည်း ပေါများတော့ ငှက်အများ လာ ရောက်အမြဲပြုနေထိုင်ကြတယ်။ အဲဒီငှက်တွေထဲမှာ ထူးထူးခြား

ခြား တစ်ကောင်တည်းရှိတာက ကျီးကလေး ငမည်းလုံးပါ။ ငမည်းလုံးက ညောင်ပင်မှာသာနေပေမယ့် ညောင်သီးကို မက်မက်မောမောစားလေ့ရှိတာ မဟုတ်ဘူး။ အသီးအရွက်ထက် စာရင် သူက အသားပိုမက်တယ်။ အထူးသဖြင့် သားစိမ်း ငါးစိမ်းမြင်ရရင် ဆောက်တည်ရာမရအောင် စားချင်စိတ်ဖြစ် တယ်။ ဒါပေမဲ့ ကျီးလေး ငမည်းလုံးက ဆင်ခြင်တယ်။ အစား ကြောင့် မိတ်ဆွေငှက်တွေ လေးစာမိတာ... တယ်ကောနဲ့ ထောင်ဖမ်းခံရတာ... ပိုက်ကွန်နဲ့ အုပ်ဖမ်းခံရတာတွေ မြင်တွေ့ နေရတယ်။ ဒါကြောင့် စားသတိ၊ သွားသတိ၊ နားသတိ... သတိထားပြီး နေလေ့ထိုင်လေ့ရှိတယ်။

တစ်နေ့တော့ ကျီးလေး ငမည်းလုံးဟာ မြို့ဘက်ကို အစာရှာထွက်မယ်ဆိုပြီး တစ်ကောင်တည်း ပျံလာတယ်။ အဖော် မပါရင် ပိုပြီးသတိထားလေ့ရှိတဲ့ ငမည်းလုံးဟာ သူမြင်ကွင်းထဲ မှာ သတိထားရမယ့် ရန်သူကို လှမ်းမြင်လိုက်တယ်။

"ဟော... ဟိုမှာ လာနေတာ ငှက်မုဆိုးဖြစ်မယ်။ ဟုတ်ပါတယ်... သင်းရဲ့သွင်ပြင်ဟာ သူတော်ကောင်း လက္ခဏာ မရှိဘူး။ ကြည့်လေ... ဆံပင်ကလည်း ပြောင်းဖူးမွှေးလို နီ ကြောင်ကြောင်၊ ပြီးတော့ အမှိုက်ပုံလို ရှုပ်ထွေးနေတယ်။ ဆီမလူး၊ မဖီးမသင် ရှုပ်ရှက်ခတ်နေတယ်။ အသားကလည်း မည်းလိုက်တာ မှောင်နေတယ်။ ငါကတောင် အဘခေါ်ရမယ့်

ကိန်း။ နဖူးကလည်း မောက်မောက်၊ နှာယောင်က ကောက်တဲ့အပြင် သွားကလည်း ခေါနေပြန်သေးတယ်။ လူယုတ်မာတစ်ယောက်ရဲ့ အသွင်အပြင်ကတော့ အပြည့်ပဲ။ ကြည့်ဦး။ သူ့ပခုံးပေါ် ထမ်းလာတာ ဘာလဲ။ ဟာ... ဒုက္ခပဲ။ အဲဒါတို့တစ်တွေကို ထောင်ဖမ်းမယ့် ပိုက်ကွန်ပဲ။ သူလွယ်ထားတဲ့ အိတ်ထဲမှာ ဆန်ကွဲတွေ ပါလာမှာ သေချာတယ်။ ဆန်ကွဲပက်ပြီး တို့ကိုမြူမယ်... မလာ,လာအောင် ဆွယ်မယ်။ ဆန်ကွဲသာမြင်ပြီး ပိုက်ကွန်ကို မမြင်တဲ့ငှက်တွေက အစာကို မဲနေရင် ကွန်နဲ့ပစ်ဖမ်းမှာ သေချာပါတယ်။ တို့ကို ဖမ်းဖို့လာတာ... မလွဲမသွေ ဒုက္ခဖြစ်တော့မယ်။ တို့အပေါင်းအသင်းတွေ ဒုက္ခမရောက်အောင် အသိပေးမှ ဖြစ်မယ်"

ကျီးလေး ငမည်းလုံးဟာ မြို့မှာ အစားအစာ သွားရှာမယ့်အစီအစဉ်ကို ဖျက်လိုက်တယ်။ သူတစ်ရက် အစာငတ်ရုံနဲ့ ဘာမှ မဖြစ်ဘူး။ တခြားမိတ်ဆွေတွေ ဒုက္ခဖြစ်မှာကို စောင့်မကြည့်နေနိုင်ဘူး။ တတ်နိုင်သမျှ ကယ်တင်ရမယ်။ ဒီလိုတွေးပြီး နောက်ကြောင်း ပြန်လှည့်ခဲ့တယ်။

"မိတ်ဆွေတို့... အရေးကြီးတဲ့စကား ပြောမယ်... ကျုပ်တို့ ညောင်ပင်ဆီ ဦးတည်ပြီး မုဆိုးယုတ်ညာစ်ယောက် လာနေပြီ"

"ဟေ... အဲဒါဆို"

ဂျူဇော

"သိပ်လည်း မတုန်လှုပ်ပါနဲ့။ ရန်သူကို ရန်သူမှန်းသိရင် ရှောင်လို့တိမ်းလို့ ရတာပဲ။ ကျုပ်ပြောမယ် ... သူ့မှာ ဆန်ကွဲ ပါလာတယ်။ အဲဒါ ပက်ကျွေးလိမ့်မယ်။ ဟာ ... ပွဲပြီဟေ့။ ဆန်ကွဲတွေ အများချည်းပဲဆိုပြီး အငမ်းမရ မဖြစ်နဲ့"

"ဘာဖြစ်လို့"

"အဲဒါ အဆိပ်ပဲ။ လတ်တလော သေစေနိုင်တဲ့အဆိပ် ဗျ။ ဆန်ကွဲမြင်လို့ အငမ်းမရ၊ အလုအယက် စားတာနဲ့ သူက ပိုက်ကွန်နဲ့ ပစ်ဖမ်းမှာ"

"ဟော..."

ကျီးငမည်းလုံး စကားကြားမှ သူတို့အသက်ရန်ရှာမည့် မုဆိုးယုတ်အကြောင်း သိသွားတယ်။ ကောက်ကျစ်တဲ့ မုဆိုးကို လည်း မုန်းတီးမိတယ်။ သူတို့တစ်တွေ စောင့်ကြည့်နေစဉ်မှာပင် မုဆိုးယုတ်က ပတ်ဝန်းကျင်အခြေအနေလေ့လာတယ်။ ညောင် ပင်မှာ ငှက်တွေရှိ၊မရှိ ကြည့်တယ်။ ပြီးတော့ ကွက်သာမှာ ဆန်ကွဲတွေ ပစ်ကြဲလိုက်တယ်။ ပြီးတော့ ချုံကောင်းကောင်း တစ်ခုမှဝင်၊ ပိုက်ကွန်တွေကို အသင့်ပြင်ပြီး စောင့်နေတယ်။ မုဆိုးယုတ် ဘာလုပ်မယ်ဆိုတာ ကြိုသိနေတော့ ငှက်တွေက တုတ်တုတ်မျှ မလှုပ်ဘူး။ ဆန်ကွဲတွေ မြင်နေရက်နဲ့ ကောက် မစားကြဘူး။

မုဆိုးနဲ့ငှက်များ သူနိုင်ကိုယ်နိုင် ပရိယာယ်သုံး ဆင်နွှဲ

နေတဲ့စစ်ပွဲအခြေအနေက ဘယ်သူမှမနိုင်ဘဲ တန်းနေတယ်။ အဲဒီအချိန်မှာ အခြားအရပ်က အစာရှာပြီး ပျံလာတဲ့ ငှက်တစ်အုပ်က ညောင်ပင်ဆီ ပျံလာတယ်။ ဒါကို မြင်လိုက်တဲ့ ကျီးငမည်းလုံးဟာ စိုးရိမ်စိတ် ဖြစ်သွားတယ်။ သူတို့ဟာ ဆန်ကွဲဖွေးဖွေးကို မြင်ရင် ဝမ်းသာအားရ ပြေးလာကြမယ်။ အလုအယက် ကောက်စားကြမယ်။ ဒီအခါ အသင့်ချောင်းနေတဲ့ မုဆိုးယုတ်က ကွန်နဲ့ ပစ်ဖမ်းတော့မယ်။ ကျီးငမည်းလုံးဟာ အသိမပေးလို့ မဖြစ်တော့ဘူးလို့ တွက်ပြီး သစ်ကိုင်းပေါ် နားနေရာမှ ဖလူးခနဲ ထပျံလိုက်တယ်။

"မိတ်...မိတ်ဆွေတို့ ခဏနေကြဦး"

"ဘာလဲ... ဘာလဲ၊ မင်း ဘာနှောင့်ယှက်ဦးမလို့လဲ"

"တလွဲမထင်ပါနဲ့၊ ခင်ဗျားတို့ အကျိုးအတွက်ပါ၊ ဟိုမှာ ဖြန့်ကျဲထားတဲ့ ဆန်ကွဲတွေ တွေ့လား"

"တွေ့တယ်လေ... အဲဒါမြင်လို့ စားဖို့ ထိုးဆင်းတာပေါ့"

"မဆင်းနဲ့၊ စားဖို့ မကြိုးစားနဲ့၊ အဲဒါဆန်ကွဲမဟုတ်ဘူး၊ အဆိပ်...လူကို သေနိုင်တဲ့အဆိပ်"

"ဘယ်လိုကွ...ဆန်ကွဲတွေ မြင်နေရက်နဲ့ အဆိပ်လို့ ပလီတာ မင့်အကြံ ဒါအကုန်ပဲလား..."

"မဟုတ်ဘူး မိတ်ဆွေ ... စေတနာနဲ့ တားတာပါ။ အထင်မမှားပါနဲ့၊ အခု မိတ်ဆွေတို့ မြင်နေတဲ့ ဆန်ကွဲတွေက

မုဆိုးပစ်ကြဲထားတာ"

"အဲဒါ ဘာဖြစ်လဲ"

"ပိုက်ကွန်နဲ့ ပစ်ဖမ်းချင်လို့ အစာနဲ့မြူဆွယ်ထားတာ... ဟောဟို ချုံပုတ်ထဲမှာ လူဆိုးရှိနေတယ်။ ပိုက်ကွန်အသင့်ပြင်ပြီး စောင့်နေတာ"

"တော်စမ်းပါ ဖြူးလုံးရာ...မင်းက ငါတို့မစားစေချင်လို့မဟုတ်လား"

"ဒီစိတ်ထားမျိုးမရှိဘူး မိတ်ဆွေ...တကယ်တော့"

"တော်ပြီ ငါ့လူ၊ ဒီလောက် ပေါများတဲ့ ဆန်ကွဲတွေမြင်ပြီးမှ မစားဘဲ မနေနိုင်ဘူး"

ခိုခေါင်းဆောင်က ကျီးဖြူးလုံး စကားကို နားမထောင်ဘဲ ခိုအပေါင်းနဲ့အတူ ဆန်ကွဲပုံပေါ် ပျံဝဲလိုက်တယ်။ ပြီးတော့ ဝမ်းသာအားရနဲ့ လုယက်စားသောက်ကြတယ်။ အဲဒီအချိန်မှာ အသင့်စောင့်နေတဲ့ မုဆိုးယုတ်က ပိုက်ကွန်နဲ့ ပစ်ဖမ်းလိုက်တယ်။ ကျီးဖြူးလုံးဟာ သူသတိပေးတဲ့ကြားက အဖမ်းအဆီးခံရတော့ စိတ်မကောင်းဘူး။ ဒါနဲ့ အခြားအဖော်ငှက်တွေဘက်လှည့်ပြီး ပြောလိုက်တယ်။

"အဲဒါပဲ၊ လောဘကို မထိန်းနိုင်ရင် အကျိုးမဲ့တတ်တယ်။ လောဘကြောင့် အသိဉာဏ်က တုံးသွားတယ်။ ကြိုးကြောင်းဆင်ခြင်တုံတရား ပျောက်သွားတယ်။ ရာမမင်းသားဟာ ရွှေ

သမင်လိုချင်စိတ်များနေတော့ ဘယ်သမင်မှ ရွှေသမင်မဖြစ်နိုင်ဘူးဆိုတာ မတွေးနိုင်တော့ဘူး။ ခုအဖြစ်အပျက်လဲ ဒီလိုပဲ"

နို့အပေါင်းရဲ့အဖြစ်အပျက်ကို ကြည့်ပြီး ကျန်တဲ့ငှက်တွေက ကျီးငမည်းလုံးစကားမှန်ကြောင်း ထောက်ခံလိုက်တယ်။

ကလေးတို့ မှတ်ထားနော်... လောဘကြီးရင် ပျက်စီးတတ်တယ်။

## ခေါင်းဆောင်ကောင်းကို နောက်လိုက်ကမစွန့်

ကလေးတို့ရေ... ခေါင်းဆောင်ကောင်းတို့မည်သည် နောက်လိုက်ငယ်သားအပေါ် ချစ်ခင်ကြင်နာရတယ်။ အဲဒီလို ခေါင်းဆောင်ကောင်း ဒုက္ခရောက်ရင် နောက်လိုက်ငယ်သားတွေက ဘယ်တော့မှ မစွန့်ခွာဘူး။ ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး ပိုက်ကွန်မှာ မိတဲ့ ခိုပြာလေးတစ်အုပ်အကြောင်းကို ပြောပြမယ်။

ဒီလိုပါ... မုဆိုးယုတ်တစ်ယောက်က ဆန်ကွဲပက်ကျွေးပြီး ခိုတစ်အုပ်ကို ကွန်နဲ့ပစ်ဖမ်းတော့ မိသွားတယ်။ ဒီလို မဖြစ်အောင် ကြိုတင်သတိပေးတဲ့ ကျီးငမည်းလုံးကို အထင်မှားခဲ့တယ်။ စားစရာ ဆန်ကွဲတွေ မြင်နေချိန်မှာ "မစားနဲ့၊ အဲဒါ စားစရာမဟုတ်ဘူး၊ အဆိပ်တွေ၊ အန္တရာယ်များတယ်"လို့ ပြောပါရက်နဲ့ လောဘစိတ်ကြောင့် အဖမ်းအဆီးခံရတယ်။

ကလေးတို့ရေ... ခိုအုပ်ကို ကွန်နဲ့အုပ်ဖမ်းနိုင်ပြီဆိုတော့

မုဆိုးက ဝမ်းသာအားရနဲ့ ချုံထဲက ထွက်တယ်။ တုတ်တစ်ချောင်း ပြေးကောက်တယ်။ ငှက်တွေ မပျံပြေးမီ တုတ်နဲ့ ရိုက်သတ်မယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြေးလာတာ... ဒါကိုမြင်တော့ ခိုပြာ ခေါင်းဆောင်က "မကြောက်ကြနဲ့၊ အဲဒီမုဆိုး ရောက်မလာခင် တို့များ ညီညီညွတ်ညွတ်နဲ့ ပျံထွက်မယ်၊ သူပစ်အုပ်တဲ့ ပိုက်ကွန် ကို့မပြီး ပျံရင်လွတ်မယ်။ ကိုင်း...ညီကြပေ့"ဟု အချက်ပေး လိုက်တယ်။ ခိုခေါင်းဆောင်က သတိပေးတာနဲ့ ခိုအပေါင်းက ပိုက်ကွန်ကို ချီမ ပျံတတ်တယ်။

ကလေးတို့ရေ... ဖွတ်မရ၊ ဓားမ,ဆုံးဆိုတဲ့ကိန်းဆိုက် ပြီ။ ခိုတွေ လိုချင်လို့ ပိုက်ကွန်နဲ့ ပစ်ဖမ်းတာ မိတော့မိပါရဲ့။ ဒါပေမယ့် ငှက်တွေက ပိုက်ကွန်ချီပျံပြေးတော့ ငှက်မရဘဲ ပိုက်ကွန်ဆုံးရမယ့်ကိန်းဖြစ်ပြီ။ မုဆိုးက ပျာပျာသလဲနဲ့ ထအော် တယ်။

"ဟဲ့ ... ရှူး ... ဟေး ... ဟေး ... ခွေးမသား ခိုတွေ ... လွှတ်ချစမ်း၊ ခုချက်ချင်း လွှတ်ချခဲ့စမ်း"

မုဆိုးယုတ်ဟာ ပိုက်ကွန်ပါသွားတော့ နောက်က ပြေး လိုက်တယ်။ ကောင်းကင်ပေါ်က ပျံနေတဲ့ငှက်အုပ်ကို မြေပြင်ပေါ်မှ ပြေးလိုက်တဲ့ မုဆိုးဟာ ခလုတ်တိုက် လဲလိုလဲ ဆူးကိုနင်းမိပြီး ဆက်မလိုက်နိုင်အောင် ဖြစ်လိုဖြစ်၊ စူးတဲ့ဆူး နှုတ်ပြီး ထပ် လိုက်တော့ ခိုအုပ်ကို မြင်တောင် မမြင်ရတော့ဘူး။

—ရှုမဝ—

ကလေးတို့ရေ… မုဆိုးရဲ့ပိုက်ကွန်ကို မချိုးပြီး ပျံလာတဲ့ ခိုအုပ်ကို ခိုခေါင်းဆောင်က အသိပေးတယ်။

"ခိုအပေါင်းတို့၊ တို့ကို ဖမ်းဆီးသတ်ဖြတ်ချင်တဲ့ မုဆိုး ယုတ်တော့ ဘာဖြစ်ကုန်ရစ်တယ် မသိဘူး။ လုံးလုံးကို ကျန်ရစ် ပြီ။ ဒီပိုက်ကွန်က လွတ်ဖို့ပဲ ကျန်ကော့တယ်"

"ဘယ်လိုလုပ်မလဲ ခေါင်းဆောင်ကြီး"

"မစိုးရိမ်ကြနဲ့။ ဟောဒီတို့ရောက်တဲ့နေရာက အရှေ့ တောင်စူးစူးကိုပျံကြမယ်၊ အဲဒီအရပ်မှာ စခန်းသာဆိုတဲ့မြို့ရှိတယ်။ အဲဒီမြို့အဝင်တောင်ကမူလေးမှာ ငါ့မိတ်ဆွေ မောင်သွားချွန် ဆိုတဲ့ ကြွက်ရှိတယ်"

"အဲဒီ မောင်သွားချွန်က ဘာလုပ်မှာလဲ"

"ဘာလုပ်ရမလဲ၊ သူက ငါတို့မှာ ငြိနေတဲ့ ပိုက်ကွန်ကို ဖြတ်နိုင်းရမှာပေါ့၊ သူရဲ့ ချွန်မြတဲ့သွားက ဒီနေရာ အသုံးဝင် ပြီပေါ့"

"ကူရင်တော့ ကောင်းတာပေါ့"

"ဩော် … ခက်ပါလား၊ မိတ်ဆွေအပေါင်းအသင်းဆို တာ ဒီလိုအခက်အခဲရှိတဲ့အချိန် တစ်ယောက်ကိုတစ်ယောက် ကူဖို့ ဝတ္တရားရှိပါတယ်။ စိတ်ချပါ၊ ငါ့မိတ်ဆွေက ကူမှာပါ"

ကလေးတို့ရေ…ဒီလိုနဲ့ ခိုပြာလေးတစ်အုပ်ဟာ ခေါင်း ဆောင်ခို တိုက်တွန်းအားပေးတဲ့အတိုင်း စခန်းသာမြို့ဆီ အား

ထည့်ပျံတယ်။ တစ်နာရီလောက် ပျံတဲ့အခါမှာ ကြွက်လေးမောင်သွားချွန်ရှိတဲ့နေရာ ရောက်သွားတယ်။

"သူငယ်ချင်း ... ဟေ့ ... သူငယ်ချင်း"

"ဘယ်သူလဲကွ"

"ငါပါ။ မင်းသူငယ်ချင်း ပြောလေ... ထွက်ခဲ့စမ်းပါဦးကွာ၊ တို့ဒုက္ခရောက်လာလို့"

"ဟေ ... ဘာဖြစ်လာသတုန်း"

"ထွက်သာထွက်ခဲ့စမ်းပါ သူငယ်ချင်းရာ။ တို့ဒုက္ခ လာကြည့်ပါဦး"

ခိုပြာလေးက အကူအညီတောင်းလိုက်တော့ မောင်သွားချွန် တွင်းထဲက ထွက်လာတယ်။ မိတ်ဆွေ ပြောလေးနဲ့ သူ့လူတွေ ပိုက်ကွန်မှာ မိနေတော့ စိတ်မကောင်းဖြစ်သွားတယ်။

"ဘယ်လိုဖြစ်ရတာလဲ"

"ငါ့အမှားပါကွာ။ လျှာအလိုလိုက်မိလို့ ခုလိုဖြစ်ရတာ။ ကျီးငမည်းလုံးကတော့ သတိပေးသား"

"ဖြစ်ရမယ်၊ လောဘကြီးတာကိုးကွ။ အေးလေ... သူငယ်ချင်းကိုသာ ပြောရတာပါ။ တို့များဟာ လျှာအရသာနဲ့ ပတ်သက်ရင် သတိတွေပျောက်၊ အသိတွေ ကင်းကြတာပါပဲ။ ကဲ...သင်တို့ကို ငါကူမယ်"

ကြွက်လေး သွားချွန်ဟာ သူ့သူငယ်ချင်းခိုပြာလေး

လွှန်မြောက်အောင် ပိုက်ကွန်ကို သွားနဲ့ကိုက်ဖြတ်ဖို့ လုပ်တယ်။

"သူငယ်ချင်း...ခဏ၊ မင်းဒီမှာ အရင်မကိုက်နဲ့၊ ဦးဆုံး ငှက်လူတွေ လွတ်မြောက်အောင် လုပ်ဦး"

"ဟေ...မဟုတ်တာဘဲ။ ခေါင်းဆောင်ဆိုတာ အရေးကြီးတယ်။ လွတ်မြောက်သား လွတ်မြောက်ဖို့ဆိုရင် မင်းလိုခေါင်းဆောင်က အရင်လွတ်ရမှာ... ဒီလိုလွတ်မြောက်ရေးကိုလည်း မင်းလူတွေက ကျေနပ်မှာပါ"

"မဟုတ်ဘူး၊ အရေးကြီးတာက ငှက်လူတွေ အသက်ရှင်ဖို့က ပထမအရေးကြီးတယ်"

"ဟ...မင်းအတွေးက ပြောင်းပြန်ပါလား။ ခေါင်းဆောင်တစ်ယောက်ရဲ့တန်ဖိုးက ငယ်သားဆယ်ယောက်နဲ့တူတယ်။ ဒီထက်မကလည်း တန်ကြေးရှိတယ်။ ခေါင်းဆောင်တစ်ယောက်ဖြစ်လာဖို့က လွယ်တာမှတ်လို့။ ငါက ကိုက်ဖြတ်လို့ လွတ်အောင်လုပ်ပေးနေတုန်း ရန်သူရောက်လာမယ်။ ဒီအခါ မင်းအသက်မကယ်နိုင်တော့ရင် မခက်လား"

"ဒီမယ် သူငယ်ချင်း၊ ခေါင်းဆောင်ဆိုတာ ငယ်သားတွေရဲ့ အသက်ကို စောင့်ရှောက်ရမှာ။ သူတို့ဟာ ငါ့ကိုမှီပြီး အသက်ရှင်နေကြတာ။ ငါ့ကြောင့် ဘယ်သူမှ မသေစေချင်ဘူး။ ငါ ကယ်တင်လို့ လွတ်မြောက်တာပဲ လိုချင်တယ်။ ကဲ ... ငှက်လူတွေကို အရင်ကယ်ပါ"

•——ရွှေငှက်——•

"လေးစားတယ် သူငယ်ချင်း။ မင်းရဲ့စိတ်ဓာတ်ကို ချီးကျူးတယ်၊ ဒါကြောင့် မင်းလူတွေက မင်းအပေါ် လေးစားတာပဲ"

မောင်သွားချွန်ဟာ သူငယ်ချင်း ပြောလေးရဲ့ စိတ်ဓာတ်ကို ချီးကျူးမိတယ်။ သူ့နောက်လိုက်တွေကလည်း သူ့စိတ်ဓာတ်အပေါ် လေးစားကြမှာပါ။ ဘာပဲဖြစ်ဖြစ် ကိုယ့်နောက်လိုက်ငယ်သားအပေါ် ချစ်ခင်လေးစားတဲ့ ခေါင်းဆောင်ကို နောက်လိုက်တွေက တန်ဖိုးထားမှာပဲ။ ခေါင်းဆောင်ဒုက္ခရောက်နေရင်လည်း စွန့်ခွာကြမှာ မဟုတ်ပါဘူး။ ခေါင်းဆောင်ကောင်းကို နောက်လိုက်တွေက ချစ်မြတ်နိုးတာ မမှတာပါ။

ကိုင်း...ကလေးတို့ ခေါင်းဆောင်ကောင်း ဖြစ်ပါစေကွယ်...။

# မိတ်ဆွေကောင်းကိုရှာ

ကလေးတို့ရေ...။

လူဆိုတာ တစ်ယောက်တည်း နေလို့မရဘူးကွဲ့။ မိတ်ကောင်းဆွေမွန်ရှိဖို့တော့ လိုတယ်။ ရွှေငွေရတနာ ဥစ္စာပစ္စည်းပြည့်စုံတဲ့အတွက် မိတ်ဆွေအပေါင်းအသင်း မလိုဘူးမထင်နဲ့။ ပြောရရင် မိသားစုအသိုင်းအဝိုင်းဆိုတာလေးတော့ ရှိရမယ်။

ကိုယ့်ဘေးမှာ အဘိုးအဘွားရှိရမယ်၊ သက်ကြီးရွယ်အိုချီပိုးမ,ရွှေ့နေရတဲ့ လူအိုတွေ ရှိနေတော့ ဘာလုပ်မှာလဲလို့ မတွေးနဲ့ကွဲ့။ အဘိုးအဘွားတွေဆိုတာ ဘဝအတွေ့အကြုံ ကြီးမားတယ်။ သူတို့ဖြတ်သန်းလာတဲ့ဘဝတစ်လျှောက်လုံးမှာ ဗဟုသုတတွေ အမြောက်အမြားရခဲ့တယ်။ အတွေ့အကြုံအမျိုးမျိုးရှိတယ်။ ဒီအတွေ့အကြုံအရ အမှားအမှန်ကို ခွဲခြားနိုင်တယ်။ "ဟဲ့၊ဒါမဟုတ်ဘူး။ အကျိုးမရှိတဲ့အလုပ်၊ ဒါမျိုးမလုပ်နဲ့... ဒီလိုလူမျိုး

နဲ့ မပေါင်းနဲ့၊ ဒီခရီးမျိုး မသွားနဲ့လို့ လမ်းညွှန်နိုင်တယ်။ ကိုယ်ခန္ဓာက မစွမ်းပေမယ့် အသိဉာဏ်ဦးနှောက်က အများကြီး အထောက်အပံ့ပေးနိုင်တယ်။ ပြီးတော့ မိဘတွေ...လက်ဦးဆရာ၊ ပုဗ္ဗစရိယ မိန့်ဖတဲ့။ မိဘဆိုတာ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်နိုင်တဲ့ လက်ဦးဆရာလေ။ ဟဲ့ ... သား၊ ဒါမစားနဲ့၊ ဒီလိုမလုပ်နဲ့၊ ဒီစကားမပြောနဲ့၊ အဲဒီတားမြစ်ရင် နာခံရမယ်။ မိဘက တို့များ ဘေးကင်းရန်ကင်း လျှောက်လှမ်းနိုင်အောင် လမ်းညွှန်နိုင်တဲ့ပုဂ္ဂိုလ်တွေ။ တို့ရဲ့အနီးကပ်ဆုံးမိတ်ဆွေ။ နောက်ပြီး အစ်ကိုတွေ၊ အစ်မတွေ၊ ညီတွေ... ညီမတွေ၊ အရေးကြီးတော့ သွေးနီးတယ်ဆိုစကား ကြားဖူးတယ်မို့လား။ ပြဿနာရှိရင် ရင်ချင်းအပ်၊ ကျောချင်းကပ် ရင်ဆိုင်ဖြေရှင်းပေးမှာက ဒီသားချင်းတွေပဲ။ ဒါကြောင့် တို့များ အရင်းနီးဆုံးမိတ်ဆွေအဖြစ် ထားရှိရမယ်။

အေး ... အသေးငယ်ဆုံး လူ့အဖွဲ့အစည်းအဖြစ် မိသားစုရှိရမယ်။ ဒီ့ထက်ပို ကျယ်ပြန့်ဖို့လိုရင် အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ်၊ တောင်မြောက် ခုနစ်အိမ်တော့ စည်းစည်းလုံးလုံးရှိဖို့လိုတယ်။ ဆိုပါတော့... အိမ်မီးလောင်သွားပြီ။ ကိုယ့်မိသားစုအင်အားနဲ့ မီးငြိမ်းအောင် မစွမ်းနိုင်ဘူး။ ဒီလိုဆိုရင် ပတ်ဝန်းကျင်အကူအညီလိုလာပြီ။ လာကြပါ၊ ဝိုင်းကြပါ... ပူးပေါင်းကြပါလို့ အကူအညီတောင်းရမယ်။ အန္တရာယ်ကြီးကြီးမားမား ကြုံရင်

ပူးပေါင်းဖြေရှင်းမှ ပြေငြိမ်းမှာလေ။ အလားတူပဲ။ ရေကြီး၊ တမံကျိုး၊ အဲလိုဘေးဒုက္ခမျိုးဆို လူအင်အားအကူအညီလိုပြီ။ ပူးပေါင်းဖြေရှင်းရမယ်။ ဒီတော့ ကျေးရွာအုပ်စု၊ မြို့နယ်၊ တိုင်းခရိုင်မှ အစပြုပြီး တစ်ကမ္ဘာလုံးထိ ပေါင်းစပ်ဖြေရှင်းကြရမယ်။ ပတ်ဝန်းကျင်အသိုင်းအဝိုင်းဆိုတာ မဖြစ်မနေ လိုအပ်တယ်။ ဒါကြောင့် မိတ်ဆွေဖွဲ့ရမယ်။ အကောင်းဆုံးမိတ်ဆွေကို ရှာကြံပေါင်းသင်းရမယ်။

ကလေးတို့ရေ… မိတ်ဆွေဆိုတဲ့နေရာမှာ မိတ်ဆွေတု၊ မိတ်ဆွေစစ်ခွဲခြားသိဖို့ လိုတယ်။ ကိုယ့်အကျိုးကို လိုလားသလား၊ အကူအညီပေးသလား၊ ဘေးဒုက္ခတွေ့ရင် ရှောင်ခွာမသွားဘဲ အကူအညီပေးတတ်လား ဒါကိုကြည့်ဖို့လိုတယ်။ ရန်သူပင် ဖြစ်ပါစေ။ ကိုယ့်အကျိုးဆောင်ရှောက်တယ်ဆိုရင် အဲဒီသူကို အပြန်အလှန်အကျိုးပြုခြင်းဖြင့် ပေါင်းသင်းရမယ်။ မိတ်ဆွေဖွဲ့ခြင်းဟာ လူ့လောကနယ်ပယ်မှာ ဘယ်လောက်အရေးကြီးလဲ၊ လိုအပ်လဲဆိုတာကို ပြောပြမယ်။

နို့ပြာလေးအုပ်စု ပိုက်ကွန်မှာ မိနေတော့ သူတို့ရဲ့ မိတ်ဆွေ မောင်သွားချွန်ဆီ အကူအညီတောင်းတယ်။ မိတ်ဆွေ ကြွက်လေးမောင်သွားချွန်ကလည်း လိုလိုလားလား ကူညီတယ်။ အဲလိုကူညီလို့ နို့ပြာလေးတွေ အသက်ဘေးက လွတ်သွားတာတွေ့တော့ ကျီးလေးငမည်းလုံး ဘာစဉ်းစားတယ်ထင်လဲ။

“အင်း… ကြွက်လေး မောင်သွားချွန်လို ပုဂ္ဂိုလ်မျိုးဟာ ငါ့ဘဝမှာ ရှိသင့်တယ်တဲ့။ ငါလည်း တစ်နေ့မဟုတ် တစ်နေ့မှာ ဘေးမတွေ့ဘူးလို့ မပြောနိုင်ဘူး။ အကူအညီမလိုဘူးလို့ မပြောနိုင်ဘူး။ ဒီအခါ အကူအညီရဖို့ မောင်သွားချွန်ကို မိတ်ဖွဲ့ရမယ်တဲ့”

ကိုင်း … ကလေးတို့ ဒီလို တွေးမိလား။ လူ့ဘဝဆိုတာ ကျယ်ဝန်းတယ် အချိန်ကြာအောင် ဖြတ်သန်းရမယ်။ ပြဿနာ အမျိုးမျိုးကြုံနိုင်တယ်။ အခက်အခဲ ဖြေရှင်းဖို့ မိတ်ဆွေလိုတယ်လို့ တွေးရမယ်နော်။ စဉ်းစားရမယ်၊ ထားရမယ်ကွဲ့။

ကျီးလေးငမည်းလုံးဟာ မောင်သွားချွန်ကို ,မိတ်ဆွေဖွဲ့ဖို့ သူနေတဲ့ တွင်းနားဆီ ချဉ်းကပ်သွားတယ်။

“ဗျို့ … ကိုသွားချွန်… ကိုသွားချွန် ခင်ဗျာ”

“ဘယ်သူလဲကွ”

“ကျုပ်ပါ၊ ငမည်းလုံးပါ။ ကျီးလေးငမည်းလုံးပါဗျာ”

“ဘာကိစ္စလဲဟေ့”

“ကျုပ်က ခင်ဗျားကို မိတ်ဆွေဖွဲ့ချင်လို့ပါ။ ခင်ဗျားဟာ အစွမ်းထက်တဲ့ သွားပိုင်ရှင်ပါ။ သင့်ကြောင့် ခိုပြာလေးအုပ်စု အသက်ချမ်းသာရသွားတာ ယက်တွေမြင်ခဲ့ရတယ်။ ဒီလို မိတ်ဆွေကောင်းရှိဖို့လိုလို့ မိတ်လာဖွဲ့တာပါ”

ကျီးလေးငမည်းလုံးက မိတ်လာဖွဲ့ပေမယ့် မောင်သွားချွန်က ထွက်မတွေ့ဘူး။ မတွေ့ရုံတင်မကဘူး မောင်းထုတ်တယ်။

"မင်းကို မလိုလားဘူး။ ငါ့မိတ်ဆွေစာရင်းမှာ မင်းကို ဘယ်လိုလုပ် ထည့်ရမလဲ"လို့ ပြောတယ်။ တွင်းထဲကတောင် ထွက်မတွေ့ဘူး။

ကလေးတို့ရေ... ကျီးလေးငမည်းလုံးက အဲလို ပက်ပက်စက်စက် အပြောခံရပေမယ့် စိတ်မပျက်ဘူး။ သူက မိတ်ဆွေလိုချင်တာကိုး။ မျက်နှာအောက်ကျို့ပြီး မိတ်ဆွေအဖြစ် သတ်မှတ်ဖို့ တောင်းပန်တယ်။ ဒီအခါ မောင်သွားချွန်က ဒေါသတကြီးနဲ့ တုံ့ပြန်တယ်။

"ဒီမယ် ငမည်းလုံး မဖြစ်နိုင်တာကို မပြောစမ်းပါနဲ့။ မင်းတို့အမျိုးတွေက တို့အမျိုးတွေကို အမြဲနှိပ်စက်နေတာ။ ကြွက်ဆိုတာ ကျီးရဲ့အစာလေ။ မင်းက စားတဲ့သူ၊ ငါက အစာ ဘယ်မှာ ဆက်ဆံလို့ရမလဲကွ"

"ဒီလိုမတွေးပါနဲ့ ကိုသွားချွန်ရာ။ ကျုပ်က သင့်မေတ္တာခံယူဖို့ သင့်အိမ်တံခါးဝရောက်လာသူပါ"

"အဲဒါ ပိုဆိုးတာပေ့။ ရန်သူကို ဘယ်လိုလုပ် မိတ်ဆွေဖွဲ့မလဲ"

ဒီစကားကြားတော့ ကျီးလေးငမည်းလုံးက လေပြည်လေးနဲ့ပြောတယ်။

"သင်နဲ့ကျွန်ုပ် မတွေ့ဖူးသေးဘဲနဲ့ ရန်သူလိုသဘောထားတော့မှာလား။ ကျုပ်က ဘယ်ပုံ ရန်သူဖြစ်သွားရတာလဲ"

"အဟက်ဟက် ... ရန်သူရန်ဘက်ဆိုတာ သဘာဝ ရန်ဘက်နဲ့ အတုအပ ရန်ဘက်ရယ်လို့ ရှိတယ်။ သင်က သဘာဝရန်ဘက်။ ငါတို့ ကြွက်တစ်မျိုးသားလုံးရဲ့ သဘာဝ ရန်ဘက်ပဲ"

"ခက်တာပဲ"

"တစ်ခါတလေကျတော့ အကြောင်းတစ်ခုခုကြောင့် ရန်ဘက်ဖြစ်ရတာလည်း ရှိတယ်။ ရှောင်တခင်ပေါ်ပေါက်လာတဲ့ ရန်ဘက်ပေါ့။ ဒီလိုမျိုးက ရှောင်တခင်ကိစ္စ ပျောက်ပြယ်သွားတာနဲ့ပြီးပြတ်ရော"

"ကျုပ်ကို သဘာဝရန်ဘက်လို့ သတ်မှတ်တာက"

"ဘာပြောစရာလိုလဲ။ ရေနဲ့မီး၊ နတ်နဲ့အသူရာ၊ ခွေးနဲ့ ကြောင်ဟာ သဘာဝအရ အလိုလို ရန်ဘက်ဖြစ်နေတာ။ ပြောရရင် မင်းတို့နဲ့ ခင်ပုတ်လိုပေါ့။ ငါ့အဖြစ်က မင်းနဲ့ဘယ်လိုမှ မိတ်ဆွေဖြစ်ဖို့ မသင့်ဘူး"

ငမည်းလုံးက ဘယ်လိုပဲ မိတ်ဆွေဖွဲ့ဖွဲ့၊ သဘာဝ ရန်ဘက်တွေဖြစ်လို့ အဆွေခင်ပွန်း မဖြစ်ချင်ဘူးလို့ဘဲ ငြင်းဆိုနေတယ်။ ဒါပေမဲ့ နောင်ရေးကိုကြည့်ပြီး ကျီးလေးငမည်းလုံးက မိတ်ဆွေဖြစ်ဖို့ ဖွဲ့မလျော့ဘူး။ မရမက တောင်းဆိုတယ်။ တကယ်လို့ အနီးကပ် မပေါင်းဝံ့ရင်လည်း တွင်းထဲက မထွက်ပါနဲ့၊ ခပ်လှမ်းလှမ်းကပဲ ဆက်ဆံပါမယ်လို့ တောင်းပန်တယ်။

•——ရွှေပေသီ——•

ဒီလောက် တောင်းပန်နေတော့လည်း ကြွက်လေး မောင်သွားချွန်က အားနာလာတယ်။ စည်းကမ်းချက်တွေ သတ်မှတ်ပြီးတော့ မိတ်ဆွေအဖြစ် အသိအမှတ်ပြုလိုက်တယ်။

ကလေးတို့ရေ ... အသွင်မတူ၊ စရိုက်မတူလို့ မိတ်ဆွေ အပေါင်းအသင်းမဖွဲ့ရင် တကယ့် တကယ်လိုအပ်ချိန်ကျရင် အခက်အခဲဖြစ်တတ်တယ်။ တို့လူ့လောကမှာ အသားဖြူသူရှိတယ်၊ ဝါသူရှိတယ်၊ မည်းသူရှိတယ်။ ဒီလူက အသားမည်ပဲ၊ ငါမလိုလားဘူးလို့ စိတ်မမွေးသင့်ဘူး။ အသားအရောင် ကွဲပြားချင် ကွဲပြားမယ်။ ဓလေ့စရိုက် ကွဲပြားချင်ကွဲပြားမယ်။ ဒါပေမဲ့ အတွင်းသဘောမနောဖြူမယ်၊ စိတ်ကောင်းရှိမယ်၊ ကိုယ့်စိတ်နဲ့ တစ်ထပ်တည်းရှိမယ်။ သူ့အကျိုး ကိုယ့်အကျိုး လိုလားစိတ်ရှိမယ် ဆိုရင် မိတ်သင်္ဂဟဖြစ်သင့်ပါတယ်။

ခုလည်း ကျီးလေးငမည်းလုံးနဲ့ ကြွက်လေးမောင်သွားချွန်ဟာ တစ်ဦးအကျိုး တစ်ဦးသယ်ပိုးလိုစိတ်ဆိုတာ တစ်ခုတည်း အခြေခံ ပေါင်းသင်းတာပေါ့။ မိတ်ဆွေအဖြစ် လက်ခံပြီဆိုတာနဲ့ ငမည်းလုံးက စားကြွင်းစားကျန်တွေ ရှာယူလာ၊ မိတ်ဆွေ မောင်သွားချွန်ကို ပေးတယ်။ မောင်သွားချွန်ကလည်း သူ သိုလှောင်ထားတဲ့ ဆန်တွေ၊ ဂျုံတွေ၊ ပဲတွေ ပြန်ပေးတယ်။ အဲသလိုနဲ့ သူတို့နှစ်ဦးဟာ ချစ်ခင်ရင်းနှီးစွာ မိတ်ဖွဲ့နေခဲ့ကြတယ်။

ကလေးတို့ရေ... ။

•——ရှုမောဘ——•

ကျီးနဲ့ကြွက် မိတ်ဖွဲ့နေခဲ့ရာ တစ်နေ့ကျတော့ ကျီးလေး ငမည်းလုံးက မျက်ရည်စက်လက်နဲ့ ရောက်လာတယ်။ ကြွက်က "ဘာဖြစ်လာလဲ မိတ်ဆွေ... ကျုပ် ဘာကူညီရမလဲ" လို့မေးတယ်။ ကျီးလေး ငမည်းလုံးက ဝမ်းနည်းသံနဲ့ပြောတယ်။

"သူငယ်ချင်းရာ ... မင်းနဲ့ငါနဲ့ မိတ်ဆွေအဖြစ်နေခဲ့တာ ဒီနေ့ နောက်ဆုံးဖြစ်ပြီထင်တယ်။ ငါ ဒီအရပ်မှာ မနေနိုင်တော့ဘူး။ တစ်နေရာကို ရွှေ့ရမယ်။ မင်းနဲ့ ခွဲခွာရလို့ ငါစိတ်မကောင်းဖြစ်ပြီး ငိုတာ"

"နေဦး ... ဘာဖြစ်လို့ ပြောင်းမှာလဲ"

"ဟာ ... မင်းက တွင်းထဲနေတော့ အပြင်လောက ဘာဖြစ်နေတယ်ဆိုတာ မသိဘူး။ ဒီမယ်သူငယ်ချင်း ... ဒီဒေသမှာ ငတ်မွတ်တဲ့ ဘေးကြီးဆိုက်နေပြီ။ အစာရေစာငတ်ပြတ်ရှားပါးပြီး သေကျေကုန်ပြီ။ ငါတို့လည်း အစာရှာရတာ ခက်ခဲလာပြီ"

"အင်း ... ဟုတ်တယ်။ ဒါကိုတော့ ငါလည်း သတိပြုမိတယ်"

"လူတွေ အစားအစာ ရှားပါးတော့ ငှက်တွေပဲ ဖမ်းစားနေကြတယ်။ ပိုက်ကွန်တွေသုံးပြီး ထောင်ဖမ်းနေတဲ့ အန္တရာယ်က တစ်နေ့မဟုတ် တစ်နေ့ဖြစ်လာတော့မယ်။ ဒီဘေးမကျခင် အဝေးကိုသွားမှဖြစ်မယ်"

—ရွှေပေသီ—

"နေဦး ... ဒါဆို ဘယ်အရပ်သွားမှာလဲ"

"ဟောဒီနေရာက တောင်ဘက်စူးစူး၊ တစ်နေ့ ခရီးသာသာမှာ တောအုပ်ကြီးတစ်ခုရှိတယ်။ အဲဒီမှာ ရေကန်ကြီးတစ်ကန်ရှိတယ်။ အဲဒီရေကန်မှာ ကျုပ်မိတ်ဆွေ လိပ်လေး ငဝိုင်းရှိတယ်။ ငဝိုင်းနဲ့ကျုပ်နဲ့က သူငယ်ချင်းလိုပဲ ရင်းနှီးတာ။ အဲဒီသွားမယ်"

"အဆင်ပြေပါ့မလား"

"ဒီမှာထက်စာရင် အများကြီးပြေနိုင်တယ်"

"ဒါဆို ကျုပ်လည်း အတူတူလိုက်မယ်။ သင်နဲ့အတူတူနေမယ်။ အဲ ... ခက်တာက ဒီလောက်ဝေးတဲ့ခရီး ကျုပ်ဘယ်လိုသွားရမှန်း မသိဘူး"

"သူငယ်ချင်း တကယ်လိုက်ချင်တာလား"

"ဖြစ်အတူ နစ်အတူ၊ ဆင်းရဲချမ်းသာ အတူတူပေါ့။ သူငယ်ချင်းမရှိတဲ့အရပ်မှာ ကျုပ်လည်း မနေချင်ဘူး"

"ဒါဆို လွယ်ပါတယ်။ သင်က ကျုပ်ကျောပေါ်ကလိုက်ခဲ့"

ကလေးတို့ရေ...

အသွင်မတူ၊ စရိုက်မတူတဲ့ သဘာဝရန်သူဖြစ်တဲ့ ကျီးလေးငမည်းလုံးက ကြွက်လေး မောင်သွားချွန်ကို ကျောပေါ်တင်ခေါ်လာတာ မြင်ရသူတိုင်းက အံ့သြနေတယ်။ ကျီးလေးငမည်းလုံးဟာ လိပ်ငဝိုင်းဆီ ရောက်သွားတော့ ပိုအံ့အားသင့်

တာပေါ့။ "သင်တို့ချင်းက ဘယ်ပုံ မိတ်ဆွေဖြစ်လာတာလဲ။ အဲဒီကိစ္စက လုံးဝ အံ့ဩစရာပဲ" လို့ ပြောတယ်။ ကျီးလေး ငမည်းလုံးက မိတ်ဆွေဖြစ်လာပုံနဲ့ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှု တည်ဆောက်ပြီး အတူတူနေလာကြတဲ့ အကြောင်းပြောတော့ အံ့ဩလွန်းလို့ မျက်လုံးပြူးပြီးကြည့်နေပါတော့တယ်။

ကလေးတို့ရေ... ဒီနေရာမှာ အဓိက သင်ခန်းစာက တော့ မိတ်ဆွေဆိုတာ တစ်ဦးအကျိုး တစ်ဦး သယ်ပိုးလိုစိတ်၊ တစ်ဖက်သားအပေါ် အနစ်နာခံလိုစိတ်၊ ဖြူစင်တဲ့ မေတ္တာစိတ် တွေနဲ့ ဆက်ဆံရင် ဘယ်သူကိုမဆို မိတ်ဆွေဖွဲ့သင့်တယ်။ ပေါင်းသင်းသင့်တယ်ဆိုတာပါပဲ။

ကလေးတို့ ပျော်ရွှင်ပါစေကွယ်...။

# အကြောင်းကြောင့်အကျိုးဖြစ်

ကလေးတို့ရေ… ဘယ်အရာမဆို အကြောင်းမရှိဘဲ ဖြစ်မလာဘူးတဲ့။ ဒီစကား ယုတ္တိရှိမရှိ စဉ်းစားကြည့်စမ်း။ ဆိုပါတော့ … ခြေထောက်ကျိုးသွားတယ်။ လမ်းလျှောက်ရင် ချော်လဲလို့ ခြေထောက်ကျိုးတယ် ဆိုပါတော့။ ခြေထောက်ကျိုး အောင် ချော်လဲရတာက ခြေမနိုင်လို့လား၊ လမ်းက ရေညှိတွေနဲ့ ချော်နေလို့လား၊ တစ်စုံတစ်ယောက်က နောက်မှ ဆောင့်တွန်းလို့ လား၊ ချော်လဲရခြင်း အကြောင်းရှိမယ်နော်။ ကိုင်း … ကလေး တို့နဲ့ နီးစပ်တဲ့ ဥပမာလေး တစ်ခုပြောမယ်။ စာမေးပွဲကျတယ်။ ဘာဖြစ်လို့ကျတာလဲ အများသူငါ အောင်ပြီး ကိုယ်ကကျရင် ကိုယ်မကြိုးစားလို့၊ စာမကြိုးစားခြင်းအကြောင်းကြောင့် စာမေးပွဲ ကျတဲ့ အကျိုးရတယ်။ ဒါ အဖြေပဲ။ အေး … ကျတဲ့လူ များ တယ်။ ဒါဆို မေးခွန်းခက်လို့လား၊ စစ်ဆေးတာ တင်းကျပ်လို့

လား၊ အသင်အပြည့်လို့ ကလေးတွေ နားမလည်လို့လား၊ စာမေးပွဲကျတဲ့ အကျိုးတရားမှာ အခြေခံအကြောင်းရှိမယ်။ ဒါကြောင့် အကြောင်းမရှိဘဲ ဘယ်အရာမှ ဖြစ်မလာဘူးလို့ပြောတာ။

ကဲ ... ဒါနဲ့ပတ်သက်ပြီး မှတ်သားစရာ သာဓကလေးတစ်ခု ပြောပြမယ်။

တစ်ခါက ကိုဘိုးထင်နဲ့ မငြိမ်းမြ ဆိုတဲ့ လင်မယားနှစ်ယောက်ရှိတယ်။ သူတို့လင်မယားက ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် အမြဲပြုလေ့ရှိတယ်။ တစ်မနက် အိပ်ရာကထချိန်မှာ ကိုဘိုးထင်က ပြောတယ်။

"ရှင်ငြိမ်းမြ ဒီနေ့ ဥပုသ်နေ့ကွ။ အမျှားသူငါတွေ သီလယူကြမယ်။ ဥပုသ်သီတင်း ဆောက်တည်ကြမယ်"

"အင်းလေ ... အဲဒါ ဘာဖြစ်လဲ"

"တို့လည်း ဥပုသ်ဆောက်တည်ရရင်ကောင်းမလားလို့ တွေးမိတာပါ"

"အဲဒါများ တိုင်ပင်နေစရာမှ မဟုတ်တာ။ ကောင်းတဲ့ကိစ္စလုပ်တာ ကန့်ကွက်စရာ ဘာရှိလဲ"

"အေးပါ။ ဥပုသ်စောင့်တာတော့ ကောင်းတာပေါ့။ ဒါပေမဲ့ တို့မှာ ဘာများလှူစရာရှိလဲ"

"လှူစရာ။ အဲဒါ မေးဖို့လိုသေးလား။ စားစရာတောင်မရှိလို့ ဘယ်ကိုသွားချေးရမလဲ။ အမေ့ဆီ ပြေးရမလား၊ တော့

မိဘဆီကိုပဲ လက်ဖြန့်တောင်းရမလား တွေးနေတာ"

"စားရေးသောက်ရေးက ထားစမ်းပါဦး။ ဟောဟို မီးဖိုချောင်ထောင့်က အိုးထဲမှာ ဆန်နည်းနည်းမြင်မိလားလို့"

"ဘယ်က ဆန်ရှိရမှာလဲ။ ဟိုတလောက တော့်ညီမတွေပေးလိုက်တဲ့နှမ်း။ နှမ်းဖြူလေး နည်းနည်းပဲရှိတာ"

"အဲဒါ လျှုရင်ဖြစ်တာပဲ။ သွားကြည့်စမ်းပါ"

ကိုဘိုးထင်က တောင်းတောင်းတတ ပြောသည်နှင့် မငြိမ်းမြ အိုးကိုသွားကြည့်သည်။

"ဟော ... ဒုက္ခပဲ တော်ရေ။ နှမ်းတွေက ပိုးတွေလုံးနေပြီ။ ဒါကြီးလှူလို့တော့ ဘယ်လိုမှ ကောင်းမှာမဟုတ်ဘူး"

"ယူခဲ့ပါဦး။ ငါကြည့်ပါဦးမယ်"

မငြိမ်းမြက အိုးထဲမှ နှမ်းကိုယူလာပြီး ပြတယ်။ ပိုးကိုက်ထားသည့် နှမ်းကိုကြည့်ပြီး စိတ်ညစ်သွားတယ်။ သို့သော် ကိုဘိုးထင် အားမလျော့။ အမြင်လှအောင် ဖြူပြင်မည်ဆိုပြီး နှမ်းကို ရေနှင့်ဆေးတယ်။ ထို့နောက် ဇန်းတစ်ခုထဲဖြန့်ထည့်ပြီး နေပူတွင်ပြလိုက်တယ်။

"နှမ်းက သန့်ပြီးစင်ပြီးသားကွ။ ထားတာမဟုတ်လို့ ပိုးလုံးသွားတာ ရပါတယ်။ နေပြလိုက်တာနဲ့ အဆင်ပြေသွားမှာ"

ကိုဘိုးထင်က မရှိ့ရှိတာလေးလှူမယ်လို့ စိတ်ကူးပြီး

အကောင်းဆုံးဖြစ်အောင် ပြုပြင်လိုက်တယ်။ ဒါပေမဲ့ ကံဆိုးချင်တော့ နှမ်းဇနီးထဲ ခွေးက ရှုရှုးပန်းသွားပြန်တယ်။ ကိုဘိုးထင်ဒေါပွပွနဲ့ ခွေးနောက်ကို အတင်းလိုက်ပြီး ခဲနှင့်ပေါက်နေတယ်။

"ကိုင်း ... ကိုဘိုးထင် ကုသိုလ်လိုချင်လို့ ဥပုသ်စောင့်မယ်လုပ်နေတာ ခွေးက ဒုက္ခပေးတယ်။ ဖြစ်တာဖြစ်ပြီးပြီ။ တော် လှူချင်တာ လှူလို့ရအောင် သွားလဲပေးမယ်"

"ဘယ်လို ... ဒီခွေးသေးပန်းထားတဲ့ နှမ်းကို ဘယ်သူနဲ့လဲမှာလဲ"

"တော် အသာနေစမ်းပါ။ လှူစရာရှိရင် ပြီးတာပဲမို့လား"

မငြိမ်းမြက ပြောပြောဆိုဆိုနဲ့ နှမ်းလေးကို အဝတ်ပိုင်းတစ်ခုနဲ့ ထုတ်ပြီး ရွာလယ်ပိုင်း ထွက်သွားတယ်။ ခွေးသေးပန်းထားလို့ လှူဖို့ တန်ဖိုးမကောင်းပေမယ့်၊ မျိုးနှမ်းသမားအတွက်တော့ အဆင်ပြေနိုင်တယ်။ သန့်စင်ပြီးသား နှမ်းမို့ အမြင်ကလည်းလှတယ်။ စင်ပြီးသား နှမ်းနဲ့ဆီဘူး နှစ်လုံးနဲ့ မစင်ရသေးတဲ့ ဖုန်တသောသော၊ ခဲတသောသော နှမ်းကို တည့်ချင်းလဲရင်မယူချင်သူ မရှိနိုင်ဘူး။ အထူးသဖြင့် ရွာလယ်ပိုင်းက အရီးဒေါ်မူနှ်ကို တွန်းတွန်းတိုက်တိုက် ပြောပြောဆိုဆို လဲရင် အဆင်ပြေနိုင်တယ်လို့ တွေးမိတယ်။

"အရီးမူနှ်"

"ဟေ ... ဘာလဲ ငြိမ်းမြ"

"ဟောဒီ ... ကျုပ် နှမ်းစင်ပြီး သန့်ပြီးသားကို အရီး နှမ်းနဲ့လဲစမ်းပါတော့"

"ဘာရယ် ... နှမ်းလဲချင်လို့ ပြောစမ်းပါဦး"

"ဒီမှာ နို့ဆီ နှစ်ဘူးလောက်ပါလာတယ်။ အရီး နှမ်း လည်း နှစ်ဘူးပဲပေးပါ။ ကျုပ်က ပြာတီးပြီးသားပါ"

"ဩော် ... အေး။ ဒါဆိုလည်း ယူလေ"

အရီးမှုန် စကားကြားလိုက်တော့ မငြိမ်းမြ ဝမ်းသာသွား တယ်။ ခွေးသေးပန်းထားတဲ့ နှမ်းနဲ့ အရီးနှမ်းလဲ၊ အိမ်ရောက် ရောက်ချင်း ပြာတီးလိုက်ရင် ဘုန်းကြီးကျောင်းလှူဖို့ နှမ်းရပြီ။ ဒါဆို ကိုဘိုးထင် စောင့်ချင်တဲ့ ဥပုသ်လည်း စောင့်ရပြီဟု တွေးပြီး ဝမ်းသာသွားတယ်။

"မယူနဲ့ အမေ"

"ဟင် ... ဘာဖြစ်လို့လဲ ဖိုးအောင်ရယ်။ ငါ့နှမ်းက ပြာပြီး တီးပြီးသားပါ"

နှမ်းချင်း အလဲအထပ် လုပ်ခါနီးတွင် အရီးမှုန်ရဲ့သား ဖိုးအောင်က ဘယ်မှရောက်လာသည်မသိ။ အလဲအထပ်လုပ်ဖို့ ကို တားတယ်။

"ဒီနှမ်းကိုမယူနဲ့ အမေ။ ရွေးပြီး စစ်ပြီးသားနှမ်းနဲ့ မရွေးရ၊ မစင်ရသေးတဲ့နှမ်းကို ဘာအကြောင်းနဲ့ တဲ့ချင်းလဲတာ လဲ။ အကြောင်းမရှိဘဲ လဲစရာအကြောင်း မရှိဘူး။ မဟုတ်မှ

လွှဲရော ရွေးပြီးသားနမ်းမှာ အပြစ်တစ်ခုခုရှိမယ်"

"နင်ကလည်း"

"ဟုတ်တယ် ငြိမ်းမြ။ ဒါအကြောင်းရှိမယ်။ ငါမလဲတော့ဘူး"

မငြိမ်းမြရဲ့ မရိုးမသား အစီအစဉ်က ဖိုးအောင်ကြောင့် ပျက်သွားပါတယ်။

ကလေးတို့ရေ... ဒီနေရာမှာ အမိကပြောချင်တာက အကြောင်းမရှိဘဲ အကျိုးဆိုတာ ဖြစ်မလာဘူး။ တစ်ခုခုချို့ယွင်း အားနည်းချက်ရှိလို့ မှားယွင်းတဲ့အကျိုးဖြစ်ရတယ်။ အကြောင်းနဲ့ အကျိုးဟာ အပြန်အလှန် ဆက်စပ်နေတယ်ဆိုတာပါပဲ။

## ရရမည့်ဥစ္စာ

ရှေးက သာကေတမြို့မှာ သူဌေးကြီး ဦးဘောဂ ဆိုတာ ရှိတယ်။ သူ့မှာ သုတ လို့ အမည်ရတဲ့ သားတစ်ယောက် ရှိတယ်။ မောင်သုတဟာ ဗဟုသုတ မြတ်နိုးသူဆိုတော့ စာအုပ် တစ်အုပ် ဝယ်ဖတ်ပါတယ်။ စာအုပ်ထဲမှာ...

"ရရမည့်ဥစ္စာကိုမူ လူသည်ရမည်သာ၊ ဘယ်အရာဝတ္တု ကမျှ မရအောင် မဟန့်တားနိုင်။ ဒါ့ကြောင့် ငါဘာမျှ ပူပင် ကြောင့်ကြစရာမလို။ ငါ့အတွက် ရရမည့်ဥစ္စာသည် တခြားပုဂ္ဂိုလ် လက်ထဲ ရောက်မသွားနိုင်ပေ"

စာအုပ်ထဲမှာ ဒီစာပိုဒ်တစ်ခုသာ ပါတယ်။ မောင်သုတ က ဒီအဆုံးအမကို သတိပြုမှတ်သားစရာဆိုပြီး အလွတ်ရအောင် ကျက်မှတ်လိုက်တယ်။ စာအုပ်ကိုကြည့်ပြီး တတွတ်တွတ် ရွတ် နေတဲ့ သားရဲ့အပြုအမူက ဆန်းကြယ်တော့ ဖခင်ကြီးက စာအုပ်

ကိုတောင်းကြည့်တယ်။ စာတစ်ပိုဒ်သာတွေ့တော့ "ဒါကို ဘယ်လောက်ပေးဝယ်တာလဲ" လို့ စူးစမ်းမေးမြန်းတယ်။ ငွေတစ်ရာနဲ့ ပေးဝယ်ကြောင်း သိတော့ ဒေါပွသွားတယ်။ ဘာမဟုတ်တဲ့ စာတစ်ပိုဒ်အတွက်နဲ့ ငွေတစ်ရာ ဖြုန်းတီးသလိုလုပ်တော့ ဒေါကန်သွားတယ်။ "မင်းဟာ ငါရှာထားတဲ့ စည်းစိမ်ကို အကျိုးမဲ့ ဖြုန်းတီးမည့်သူ၊ မင်း ငါ့အိမ်မှာ မနေနဲ့" ဆိုပြီး နှင်ချလိုက်တယ်။

မောင်သုတဟာ အိမ်ကနှင်ချတော့ ခြေဦးတည့်ရာကို ထွက်လာတယ်။ စိတ်လည်းဆင်းရဲ အားလည်းငယ်၊ ဘဝကို ဘယ်လိုခရီးဆက်ရမလဲလို့ တွေးနေတယ်။ အဲဒီအချိန်မှာ ကုန်သည်တစ်ယောက်နဲ့ တွေ့တော့ "သင် ဘယ်ကလာတာလဲ၊ နာမည် ဘယ်လိုခေါ်လဲ"လို့မေးတယ်။ မောင်သုတက "ရရမည့် ဥစ္စာ လူဟာ ရမည်သာ" လို့ ပြန်ဖြေတယ်။ မောင်သုတ အဖြေကိုကြားတော့ ကုန်သည်က အူကြောင်ကြောင်ဖြစ်သွားတယ်။ ဒါနဲ့ ခြေဦးတည့်ရာ ဆက်သွားတော့ အခြားတစ်ယောက်နဲ့ တွေ့ပြန်တယ်။ ရှေးနည်းအတိုင်း မေးတော့ သူကလည်း ဒီစကားကိုပဲ ပြန်ဖြေတယ်။ မေးတိုင်းမေးတိုင်း ဒီပုံပဲဖြေတော့ သူ့ကို "ကိုယ်ရရမည့်ဥစ္စာ" လို့ မှတ်ထားလိုက်ကြတယ်။

ကလေးတို့ရေ ... လောကကြီးက ဆန်းကြယ်တယ်။ လူသားတွေရဲ့ အဖြစ်အပျက်ကလည်း ဆန်းကြယ်တယ်။ သူဌေးကြီး ဦးဘောဂရဲ့သားဟာ "ကိုယ်ရရမည့်ဥစ္စာ" ဆိုတဲ့ နာမည်နဲ့

ခြေသလုံးအိမ်တိုင် လှည့်လည်သွားလာနေတယ်။ သူ့ရဲ့ ကံကြမ္မာ အပြောင်းအလဲ ဖြစ်ချိန်တန်တော့ ဆန်းကြယ်တဲ့ အဖြစ်အပျက် က ဖြစ်လာတယ်။

တစ်နေ့တော့ အင်မတန် စည်ကားတဲ့ ပွဲလမ်းတစ်ခုကို ဘုရင့်သမီးတော် ရူပဝတီဟာ အခြွေအရံတစ်ဦးနဲ့ လှည့်လည်ကြည့်ဖို့လာတယ်။ ပွဲခင်းထဲမှာ တစ်တိုင်းတစ်ပြည်က မင်းသား တစ်ပါးကို မြင်တယ်။ ဆန်းကြယ်တဲ့ ချစ်ခြင်းမေတ္တာစိတ်က မြင်မြင်ချင်း ချစ်သွားမိတယ်။ ဒါကြောင့် သူ့အခြွေအရံကို သွန်သင်ပြောကြားပြီး မင်းသားလေးဆီ လွှတ်လိုက်တယ်။ ခြွေရံက မင်းသားလေးကို "အရှင့်သား၊ ဘုရင့်သမီးတော် ရူပဝတီက မင်းသားလေးကို မြတ်နိုးစုံမက်ပါသတဲ့။ သူ့ရင်မှာ ကာမဂုဏ်နတ်သားရဲ့ မြားချက်စူးဝင်နေပါပြီတဲ့။ ဒီပြဿနာကို မင်းသားလေးသာ ဖြေရှင်းနိုင်မှာပါ။ ဒါကြောင့် မင်းသားလေး သူ့ထံလာခဲ့ပါ။ အကယ်၍ မလာရင် သေပွဲဝင်ပါလိမ့်မယ်" လို့ လျှောက်ထားတယ်။ မင်းသားလေးက မင်းသမီးရူပဝတီကို မမြင်ဖူးပေမယ့် ခံစားရတဲ့ဝေဒနာကြားတာနဲ့ သနားသွားတယ်။ မင်းသမီးရဲ့ အလိုကို ဖြည့်ဆည်းပေးဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့် မင်းသမီးလေးရဲ့ အဆောင်ကို ဘယ်လိုလာရမလဲ၊ ပြာသာဒ်ပေါ်ရောက်အောင် ဘယ်ပုံတက်ရမလဲလို့ မေးတော့ လမ်းညွှန်တယ်။ မင်းသားလေး တက်လာနိုင်အောင် ကြိုးချထား

ပေမယ်လို့ မှာခဲ့ပါတယ်။ ဒါပေမဲ့ မင်းသားလေးက ပွဲမှာ အပျော်ကျူးနေတော့ မင်းသမီးလေးထံ ရောက်မသွားဘူး။ တကယ်ရောက်သွားသူက ကိုယ်ရရမည့်ဥစ္စာ ပါပဲ။ ရရမည့်ဥစ္စာဟာ ပွဲလမ်းသဘင်မှာ ပျော်ဖို့သွားပေမယ့် သောကကြောင့် မပျော်နိုင်ဘူး။ ဒါနဲ့ ခြေဦးတည့်ရာထွက်လာတော့ မင်းသမီးလေးရဲ့ ပြာသာဒ်ဆောင်မှ ချထားတဲ့ကြိုးကို သွားတွေ့တယ်။ ဘာအတွက် ကြိုးချထားပါလိမ့်လို့ စူးစမ်းတဲ့အနေနဲ့ ပြာသာဒ်ဆောင်ပေါ်တက်တယ်။ မင်းသမီးလေးက ကိုယ်ရရမည့်ဥစ္စာကို မင်းသားလေး ထင်ပြီး စားဖွယ်သောက်ဖွယ်တွေနဲ့ ဧည့်ခံတယ်။ နှစ်ဦးသား အတူတူထိုင်ပြီး ချစ်ကြောင်း၊ မြတ်နိုးကြောင်း စကားတွေပြောတယ်။ ပြီးတော့ "သင်မင်းသားကို မြင်မြင်ချင်း ချစ်မြတ်နိုးပါတယ်။ အချစ်ကိုယုံလို့ ပုံအပ်ပါတယ်" လို့ လိုက်လျောခဲ့တယ်။ တစ်ညဥ့်လုံး ပျော်ပါးခဲ့ရာမှာ မင်းသမီးလေးကသာ စကားတွေပြောပြီး၊ ကိုယ်ရရမည့်ဥစ္စာ စကားတစ်ခွန်းမှမပြောတော့ အလိုမကျလို့လား၊ ဘာလားတွေးပြီး နာမည်ကိုမေးတယ်။ ဒီအခါ မောင်သုတက "သူ့နာမည် ကိုယ်ရရမည့်ဥစ္စာပါ" လို့ ဖြေလိုက်တယ်။ ဒီအခါကျမှ မင်းသမီးလေးဟာ သူကြိုက်တဲ့ မင်းသားလေး မဟုတ်မှန်း သိသွားတယ်။ ဒေါသတကြီးနဲ့ မင်းသားလေးကို နှင်လွှတ်လိုက်တယ်။

ကလေးတို့ရေ... လူ့ဘဝဟာ ဆန်းကြယ်သလောက်

လူရဲ့ကံကြမ္မာကလည်း အင်မတန် ဆန်းကြယ်တယ်နော်။ ဖခင်သူဌေးက စိတ်ဆိုးပြီး နှင်ချခံရတဲ့ မောင်သုတဟာ သူ ဘယ်တုန်းကမှ တွေးမထား၊ မျှော်လင့်မထားတဲ့ မင်းသမီးလေးနဲ့ တွေ့တယ်။ ပေါင်းဖက်တယ်။ ဟော ... အဖြစ်မှန်သိတော့ နှင်လွှတ်ခံရပြန်ပြီ။ မောင်သုတဟာ ခြေဦးတည့်ရာ သွားရင်း မြို့ပြင်မှာရှိတဲ့ ဇရပ်ပျက်ကြီးတစ်ခုကို ရောက်သွားတယ်။ စိတ်ပျက်လက်ပျက်နဲ့ ဇရပ်ပျက်ပေါ်မှာ အိပ်နေလိုက်တယ်။ အဲဒီအချိန်မှာပဲ မြို့စောင့် ဗိုလ်မှူးက မိန်းမပျက်တစ်ဦးနဲ့ ပျော်ပါးဖို့ ဇရပ်ပျက်ကို လာခဲ့တယ်။ မောင်သုတကို တွေ့တော့ အနှောင့်အယှက်ပဲလို့ တွေးပြီး မောင်းထုတ်ဖို့ကြံတယ်။ "မင်း ဘယ်သူလဲ၊ ဒီမှာ ဘာလာလုပ်လဲ"လို့မေးတော့ မောင်သုတက "ရရမည့်ဥစ္စာကို လူဟာရရမည်သာ" လို့ ပြန်ဖြေတယ်။ ထူးဆန်းတဲ့အဖြေကြောင့် ဗိုလ်မှူး စိတ်ရှုပ်သွားတယ်။ "ဒီနေရာဟာ ဘုရားတန်ဆောင်း ဆိုတာ မသိဘူးလား၊ ငါ့အိမ်သွားပြီး အိပ်ချည်" လို့ အမိန့်ပေးတယ်။ ဒါနဲ့ မောင်သုတဟာ မြို့ထဲဝင်လာတယ်။ မြို့စောင့်ဗိုလ်မှူးရဲ့သမီးဟာ အင်မတန် ရုပ်ရည်ချောမောသူ ဖြစ်တယ်။ သူ့နာမည်က သုဇာတ တဲ့။ အဲဒီ သုဇာတဟာ ယောကျ်ားတစ်ယောက်နဲ့ ရည်ငံနေတယ်။ အချိန်းအချက်လုပ်ထားတယ်။ ခေါင်းအောက်စိုက်လျှောက်လာတဲ့ မောင်သုတကို ညဥ့်အမှောင်ထဲမှာဆိုတော့ ချစ်သူရည်းစားလို့ ထင်မိတယ်။ ခရီးဦးကြို အစား

ကောင်းတွေ ကျွေးပြီး၊ နှစ်ဦးသား ပျော်မွေ့ကြတယ်။ သူတို့နှစ်ယောက်ဟာ ညောင်စောင်းထက်မှာ အတူအိပ်ရင်း စကားဆိုတယ်။ "ရှင်နဲ့ကျွန်မ ချစ်ခဲ့ကြပြီးတာတောင် ရှင့်နာမည် မသိသေးဘူး၊ ပြောပါဦး"လို့ မေးတော့ မောင်သုတက "ရရမည့်ဥစ္စာ လူသည်ရရမည်သာ" လို့ ပြန်ဖြေတယ်။ ဒီအခါကျမှ ချစ်သူရည်းစားမဟုတ်မှန်း သိပြီး နှင်လွှတ်လိုက်ပြန်တယ်။

ကလေးတို့ရေ ... လူ့ဘဝ၊ လူ့အဖြစ်အပျက် ဆန်းကြယ်ပုံက အံ့သြစရာနော်။ မြို့စောင့်သမီးရဲ့ နှင်ထုတ်ခံရတဲ့ မောင်သုတဟာ လမ်းတစ်ခုထဲ တိုးဝင်လိုက်တဲ့အချိန်မှာ မင်္ဂလာဆောင်လှည့်လည်တာနဲ့တွေ့တယ်။ အတီးအမှုတ် အကအခုန်တွေနဲ့ လှည့်လာခိုက်မှာ ဆင်တစ်ကောင်က မုန်ယိုပြီး ထိုးနှက်တိုက်ခိုက်တယ်။ လူတွေ ဝရုန်းသုန်းကား ဖြစ်ကုန်တာပေါ့။ ဒဏ်ရာအနာတရတွေ ဖြစ်သူဖြစ်၊ ပြေးသူပြေး၊ လဲသူလဲ ဖြစ်နေချိန်မှာ သတို့သားကလည်း ခြေဦးတည့်ရာပြေးတယ်။ ဒီအချိန် ပွဲခင်းအလယ်ရောက်နေတဲ့ မောင်သုတဟာ သတို့သမီးဆီ ပြေးသွားပြီး "မင်း ဘာမှမစိုးရိမ်နဲ့။ မင်းကိုငါ ကာကွယ်မယ်" ဆိုပြီး ဆင်ကို မာန်မဲတယ်။ မောင်းထုတ်တယ်။ ဆင်ကလည်း ထိုနေရာမှ ထွက်သွားတယ်။ ပြဿနာငြိမ်သွားမှ သတို့သားနဲ့ မိဘများရောက်လာတယ်။ ဒီအချိန်မှာ သတို့သမီးက မောင်သုတလက်ထဲရောက်နေပြီ။ ဒါကိုမြင်တဲ့ သတို့သားက သတို့သမီးရဲ့

ဖခင်ကို "ခင်ဗျား ကျုပ်ကို ကတိပေးထားပြီး ဘာဖြစ်လို့ သမီးကို တခြားလူလက်ထဲထည့်ရတာလဲ" လို့မေးတယ်။ သတို့သမီးဖခင်က "ငါလည်း ဆင်ရန်ကြောက်လို့ မင်းလိုထွက်ပြေးတာလေ။ အခု မင်းနဲ့အတူတူ ပြန်ရောက်လာတာပဲ။ ဒီမှာ ဘာတွေဖြစ်တယ်ဆိုတာ ငါမသိဘူး" လို့ ပြန်ဖြေတယ်။ ဒီအခါ သတို့သမီးက "သူဟာ ကျွန်မအသက်ကယ်တဲ့လူ၊ ဒါကြောင့် ကျွန်မ အသက်ရှင်နေသရွေ့ သူကလွဲပြီး ကျွန်မလက်ကို ဘယ်သူ့မှ ကိုင်ခွင့်မပေးတော့ဘူး" လို့ မာမာတင်းတင်း ပြောလိုက်တယ်။ ပြဿနာက တော်တော်နဲ့မပြီးဘူး။ ကိုယ့်အကြောင်းပြချက်နဲ့ကိုယ် ပြောကြ၊ ဆိုကြ၊ ငြင်းခုံကြတာပေါ့။

နံနက်မိုးသောက်အလင်းရောက်တော့ ဒီပြဿနာကို ဖြေရှင်းဖို့ လူကြီးတွေ စုဝေးရောက်လာကြတယ်။ အဲဒီနေရာကို ဘုရင့်သမီးနဲ့ မြို့စောင့်သမီးလည်း ရောက်လာတယ်။ ပြဿနာက ပိုမိုရှုပ်ထွေးကုန်တယ်။ ဒီသတင်းကိုကြားတဲ့ ဘုရင်ကြီးက အားလုံးကို ဆင့်ခေါ်လိုက်တယ်။

"ကိုင်း ... ဘယ်လိုဖြစ်တာလဲဆိုတာ မှန်မှန်ကန်ကန် သံတော်ဦးတင်စမ်း"

မင်းကြီး မေးတော့ မောင်သုတက "လူဟာ ရရမည့် ဥစ္စာကိုရမည်သာ" လို့ ဖြေတယ်။ ဒီအခါ မင်းသမီးက "ဘယ် အရာဝတ္ထုမှ မရအောင် မဟာန့်တားနိုင်ဘူး" လို့ ထပြောတယ်။

မြို့စောင့်သမီးကလည်း "ဒါကြောင့် ငါဘာမှ ပူပန်ကြောင့်ကြ စရာမလိုဘူး" လို့ပြောတယ်။ သူတို့စကားကို ကြားတော့ သတို့သမီးက "ငါ့အတွက်ရရမည့်ဥစ္စာသည် သူတစ်ပါးလက်ထဲ ရောက်မသွားနိုင်" လို့ ထပြောလိုက်တယ်။

ပဟေဠိဆန်တဲ့ စကားတွေကြောင့် ဘုရင်မင်းမြတ်က "သင်တို့အဖြစ်အပျက်ကို အလုံးစုံ လျှောက်တင်ကြ" လို့ မိန့်တယ်။ မောင်သုတကလည်း အဖြစ်အပျက် အလုံးစုံပြောပြတယ်။ မင်းသမီးကလည်း ဝန်ခံတယ်။ ဒီအခါ မင်းကြီးက မောင်သုတကို အဆင်တန်ဆာ အပြည့်အစုံ ဝတ်ဆင်စေပြီး သမီးတော်ကို ပေးအပ်တယ်။ သားအဖြစ် အသိအမှတ်ပြုပြီး အိမ်ရှေ့အရာ နှင်းအပ်တယ်။ မြို့စောင့်တပ်မှူးကလည်း သူ့သမီးကို ဆက်သတယ်။ မောင်သုတ အမည်ခံ ကိုယ်ရရမည့်ဥစ္စာဟာ မိဘများကို မြို့တော်သို့ခေါ်ပြီး ချမ်းမြေ့စွာ နေထိုင်စေပါတယ်။

ကလေးတို့ရေ ... ဗဟုသုတရှာမှီးဖို့ ဝါသနာပါတဲ့ မောင်သုတလေးဟာ စာအုပ်တစ်အုပ်ကို ငွေတစ်ရာ ပေးပြီးဝယ်၊ မိရာကအစ ကြုံတွေ့ရတဲ့အဖြစ်အပျက်တွေက ထူးဆန်းလိုက်တာ၊ အံ့ဩစရာကောင်းလိုက်တာ။ ဒါပေမဲ့ စာအုပ်ထဲကပါတဲ့ အဆုံးအမအတိုင်း "လူသည် ရရမည့်ဥစ္စာရမည်သာ၊ ဘယ်အရာဝတ္ထုမှ မရအောင် မဟန့်တားနိုင်။ ဒါကြောင့် ငါဘာမှ ပူပန်ကြောင့်ကြစရာမလို။ ငါ့အတွက် ရမည့်ဥစ္စာဟာ သူတစ်ပါး

လက်ထဲ ရောက်မသွားနိုင်" ဆိုတဲ့ စကားမှန်တာ တွေ့ရတယ်။ ကံကြမ္မာက နဖူးမှာ စာတန်းထိုးလိုက်တာကိုးကွဲ။

# ကုသိုလ်ကံပေးမရသေးက

ကလေးတို့ရေ... ပစ္စည်းဥစ္စာနဲ့အရွယ်ဟာ ထာဝရ တည်တံ့မနေဘူးကွဲ့။ ပြောရရင် ပစ္စည်းဥစ္စာဆိုတာ ရှာတဲ့နေရာမှာလည်း ဒုက္ခရောက်တယ်။ သိမ်းဆည်းရတဲ့နေရာမှာလည်း ဆင်းရဲတယ်။ ဥစ္စာနေဆိုတာ ရှာဖွေစုဆောင်းရတာ ဆင်းရဲဒုက္ခကြီးသလောက် ခံစားရတာကတော့ အပုံတစ်ရာပုံရင် တစ်ပုံပဲခံစားရတယ်။ ဒါကြောင့် လိုချင်တပ်မက်စိတ်နဲ့ ဘယ်လောက်ပင်ရှာရှာ၊ ဘယ်လိုပင် ကြိုးစားကြိုးစား ကုသိုလ်ကံကမပေးရင် အဟောသိကံ ဖြစ်တတ်တယ်။ ဥစ္စာဟူသည် မျက်လှည့်မျိုးလို့ အဆိုလည်း ရှိတယ်။ ဉာဏ်ဘယ်လောက်ကောင်းကောင်း၊ ဝီရိယဘယ်လိုပင်စိုက်စိုက်၊ ကံမပါရင် ဘာတစ်ခုမှ မဖြစ်နိုင်ဘူး။ ဒါနဲ့ပတ်သက်ပြီး မှတ်သားစရာ သာဓကလေးတစ်ခု ပြောပြမယ်နော်။

ဟိုး ... ပဒေသရာဇ် ကေရာဇ်ခေတ်က မင်းနေပြည်တော်မှာ အင်မတန်ကျော်ကြားတဲ့ ရက်ကန်းသမား တစ်ယောက်ရှိသတဲ့ကွဲ့။ သူ့နာမည်က မောင်သက္က တဲ့။ မောင်သက္ကဟာ ရက်ကန်းရက်တော်တော့ ဘုရင်ကေရာဇ်က ဝတ်လဲတော်ရက်လုပ်ဖို့ နန်းတွင်းမှာခန့်ထားခံရတယ်။

မောင်သက္ကဟာ ရက်ကန်းပညာ အထူးတတ်မြောက်သလို တီထွင်ဆန်းသစ်တဲ့ အတတ်ပညာလည်းတတ်တော့ ဘုရင့်စိတ်တိုင်းကျ ရက်ပေးနိုင်တယ်။ နန်းတွင်း ရက်ကန်းသည်ဆိုပြီး အခြားတိုင်းတစ်ပါးထိ ကျော်စောပါတယ်။ ဒါပေမဲ့ မောင်သက္ကက မချမ်းသာဘူး။ ရရစားစားနဲ့ပဲ ဘဝကို ရုန်းကန်နေရတယ်။ သူ့လို မကျွမ်းကျင်ဘဲ သာမန်မျှသာ ရက်လုပ်တတ်တဲ့ အထည်ကြမ်းရက်လုပ်တဲ့ ရက်ကန်းသမားတွေကတော့ အဖိုးအခနည်းပြီး၊ အလုပ်နဲ့လက်မပြတ်အောင်လုပ်ရလို့ ဝင်ငွေကောင်းတယ်။ ပိုပိုလျှံလျှံရှိတယ်။ ဒီအခါ နန်းတွင်းရက်ကန်းသည် မောင်သက္ကက စဉ်းစားတယ်။ သူ့လောက်မကျွမ်းကျင်၊ သူ့လို အမြောက်စားမခံရတဲ့ ရက်ကန်းသည်တွေ ဘာကြောင့် ချမ်းသာတာလဲ။ ငါရော ဒီလိုလုပ်ရင် မချမ်းသာနိုင်ဘူးလား။ အဲလို တွေးမိပြီးဇနီးသည်ကို တိုင်ပင်တယ်။

“ရှင်မ သာမန်အပေါ်စား အထည်တွေရက်တဲ့လူတွေက စီးပွားဖြစ်နေတယ်။ ငါက အဖိုးတန်အထည်တွေ ရက်ရပြီး

ငွေကြေးက ချို့တဲ့နေတယ်။ ဒီအလုပ်က အကျိုးမပေးဘူးထင်တယ်"

"ဒီမှာ အကျိုးမပေးလို့ တစ်ရပ်တစ်ကျေး ပြောင်းမယ်ဆိုတဲ့ အတွေးမျိုး မထားစမ်းပါနဲ့။ တစ်နယ်တစ်ကျေး ထွက်လုပ်တော့ရော ကြီးပွားမယ်လို့ ဘယ်သူက တာဝန်ခံမလဲ"

"ဒါဆို ဒီဘဝနဲ့ အဆုံးသတ်ရမှာလား"

"ရှင်... ဒီကထွက်လုပ်လို့ ငွေကြေးရတယ်ထား။ အဲဒီဥစ္စာ မဆုံးပါဘူးလို့ ပြောနိုင်လား။ တွေးမနေပါနဲ့ရှင်... အချိန်တန်ရင် အကျိုးပေးဖို့ အချိန်တန်ရင် အကြောင်းထလာမှာပေါ့"

နန်းတွင်း ရက်ကန်းသည်ဟာ ဇနီးသည်ကို တိုင်ပင်ကြည့်မှ အဖျက်အမှောက်စကားချည်း ပြောနေတော့ စိတ်ပျက်လာတယ်။

"မင်းပြောတဲ့ စကားက ကံကိုပဲ ရိုးမယ်ဖွဲ့နေတယ်။ လုံ့လ ဝီရိယရှိသူသာ ဥစ္စာရနိုင်တယ်ကွ။ အိပ်ပျော်နေတဲ့ ခြသေ့်ပါးစပ်ထဲ ဘယ်သားကောင်က ဝင်လာမလဲ။ မဖြစ်ပါဘူး။ ငါကတော့ မချမ်းသာနိုင်တဲ့နေရာကို အတင်းတွယ်ကပ်မနေတော့ဘူး။ တစ်ပြည်တစ်ရွာ သွားပြီး စွန့်စားရှာမယ်"

မောင်သက္ကဟာ သူ့ပညာနဲ့ သူ့ဝီရိယအားကို တန်ဖိုးထား အားကိုးပြီး ဇနီးသည် တားနေတဲ့ကြားက ထွက်လာတယ်။ အဖျက်စကားကိုသာ အမြဲပြောတဲ့ ဇနီးသည် လက်ထဲကို ငွေ

ထုပ်ထည့်ပေးပြီးမှ "ကဲ... တွေ့ပြီလား။ အဲဒါ ငါ့ရဲ့ ဝီရိယကြောင့် ရတဲ့ ပိုက်ဆံပဲ"လို့ ပြောဖို့ စိတ်ကူးတယ်။

ကလေးတို့ရေ... ပညာနဲ့ဝီရိယ အားကိုးတဲ့ မောင်သက္က ဟာ တစ်ပြည်တစ်ရွာမှာ အလုပ်ကို ကြိုးစားလုပ်တယ်။ ငွေကို လည်း ချွေတာစုဆောင်းတယ်။ ဒီလိုနဲ့ တစ်နှစ်လောက်ကြာတဲ့ အခါ ငွေသုံးရာ ရလိုက်တယ်။ ဒါနဲ့ ငွေထုပ်ပိုက်ပြီး ပြန်လာ တယ်။ ခရီးတစ်ဝက်ရောက်တော့ နေကုန်သွားတာနဲ့ သစ်ပင် တစ်ပင်ပေါ် တက်အိပ်ဖို့ပြင်တယ်။ ငွေထုပ်ကိုပိုက်ပြီး စိတ်ဖြောင့် ဖြောင့် မအိပ်နိုင်ဘူး။ အဲဒီအချိန်မှာ သူ့စိတ်ထဲ အလွန်ထိတ်လန့် သွားစေတဲ့ အချင်းအရာကို တွေ့လိုက်တယ်။ ထိတ်လန့် ကြောက်ရွံ့စရာ ရုပ်သွင်ရှိတဲ့ လူနှစ်ယောက်က သူအိပ်တဲ့ သစ်ပင်အောက်မှာ ရောက်နေတယ်။ တစ်ယောက်က ဒေါသ တကြီး ပြောတယ်။

"ဟေ့ကောင် ဝီရိယ၊ သက္က ဆိုတဲ့ကောင်က တစ်ဝမ်း တစ်ခါးစားရရုံထက် ကံမပါဘူးဆိုတာ မင်းသိလျက်နဲ့ ဘာဖြစ်လို့ သူ့လက်ထဲ ငွေသုံးရာ ထည့်ပေးတာလဲ"

"မင်း ဘာယ်လိုပြောတာလဲ မောင်ကံ။ လုံ့လဝီရိယ ရှိသူကိုပေးရမှာ ငါ့တာဝန်လေ။ သက္ကက လုံ့လဝီရိယကြီးသူ။ ဒီတော့ ပေးရမယ်။ ကျန်တဲ့ကိစ္စကတော့ သင့်လက်ထဲမှာရှိ တယ်။ သင့်တာဝန်ပဲ"

—ဖျူဟော—

မောင်သက္ကဟာ ဒီစကားကြားလိုက်တော့ တုန်လှုပ်သွားတယ်။ ရင်ခွင်ထဲပိုက်ထားတဲ့ ငွေထုပ်ကို ပြန်ကြည့်တယ်။ ပြီးတော့ ငွေထုပ်ကို အလျင်စလို ဖွင့်ကြည့်လိုက်တယ်။ ဟိုက်လို့ အထိတ်တလန့် အော်မိတယ်။ သူ ပင်ပင်ပန်းပန်း ရှာလာတဲ့ ငွေသုံးရာက တစ်ပြားတစ်ချပ်တောင် မကျန်ရစ်တော့ဘူး။

မောင်သက္ကဟာ တော်တော်စိတ်ဓာတ်ကျသွားတယ်။ ငါ့ကံဟာ ဒီလောက်တောင် ဆိုးဝါးနေသလားလို့ တွေးပြီး ဝမ်းနည်းသွားတယ်။ ပြီးတော့ ဒီအဖြစ်အပျက်၊ ဒီအခြေအနေနဲ့ ဇနီးသည်ကို ပြန်မတွေ့ချင်ဘူး၊ ရင်မဆိုင်ချင်ဘူး။ ဒါကြောင့် နောက်တစ်နေ့မှာ သစ်ပင်ထက်က ဆင်းပြီး အလုပ်လုပ်တဲ့မြို့ကို ပြန်သွားတယ်။ ရှေးကထက် နှစ်ဆ သုံးဆမက ကြိုးစားလုပ်ကိုင်တယ်။ ချွေတာသုံးတယ်။ ဒါနဲ့ တစ်နှစ်အတွင်းမှာပဲ ငွေငါးရာ စုမိသွားတယ်။

မောင်သက္ကဟာ ငွေငါးရာ ပိုက်ပြီး လမ်းမှာ နားမနေတော့ဘဲ တောက်လျှောက်ခရီးဆက်ခဲ့တယ်။ အဲဒီအချိန်မှာ ရှေးယခင်ကြုံဖူးတဲ့ လူနှစ်ယောက်နဲ့ဆုံပြန်တယ်။ သူတို့အချင်းချင်းပြောတဲ့ စကားသံကြားရတယ်။

"ဟေ့ကောင် ဝီရိယ၊ မင်းက သက္ကလက်ထဲကို အသပြာ ငွေငါးရာထည့်ရတာလဲ။ ဒီငနဲက စားရ၊ နေရရုံထက် ပိုပိုလျှံလျှံ ရှိရမယ့်ကံမပါဘူး"

"ဟ... လုံ့လ ဝီရိယရှိတဲ့လူကိုပေးရမှာက ငါ့ဝတ္တရား။ နောက်ကိစ္စက သင့်သဘော၊ သင်ကြိုက်သလို စီမံနိုင်တယ်"

ဒီစကားကြားလိုက်တော့ မောင်သဏ္ဍကက ရင်ခွင်ထဲပိုက်လာတဲ့ ငွေထုပ်ကို ပြန်ကြည့်လိုက်တယ်။ အံ့သြစရာကောင်းတဲ့ အဖြစ်အပျက်ပဲ။ ကြိုးကြိုးစားစား ရှာလာတဲ့ငွေက 'တစ်ပြားမှ မရှိတော့ဘူး။ စိတ်ပျက်သွားတယ်။ သူ့ကံကြမ္မာက ဒီလောက်တောင် နိမ့်ကျရသလားဆိုပြီး ငိုတောင်ငိုမိတယ်။ စိတ်ဓာတ်လည်း အလွန်ကျသွားတယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကို ကြိုးဆွဲချ အဆုံးစီရင်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့်လည်း မြက်ပင်တွေကို ကြိုးဖြစ်အောင်ကျစ်ပြီး သစ်ကိုင်းတစ်ကိုင်းမှာ ချည်လိုက်တယ်။ အခြား ကြိုးစတစ်ဖက်ကို ကွင်းလျောလုပ်ပြီး လည်ပင်းကိုစွပ်လိုက်တယ်။

"ဟေ့... သဏ္ဍ၊ အဲဒါ ဘာလုပ်မလို့လဲ။ ဒီလိုမလုပ်နဲ့ သင့်ငွေကိုယူထားတာ ငါပဲ"

"ဘယ်လိုပြောတယ်။ သင်က ဘယ်သူလဲ"

"ငါက သတ္တဝါတွေရဲ့ ကံကြမ္မာကို ဖန်တီးနေတဲ့ မောင်ကံဆိုတာ ငါပဲ။ မင်းမှာ တစ်ဝမ်းတစ်ခါး စာရရုံသာ ပစ္စည်းရှိတယ်။ ဒီ့ထက် ပိုလျှံရဖို့ကံကြမ္မာ မရှိဘူး"

"ဒါပေမဲ့"

"ဟုတ်တယ်။ မင်းက ဝီရိယရှိတဲ့ ပုဂ္ဂိုလ်ပဲ။ ဒီ့အတွက်

ဂုဏ်ပြုတဲ့အနေနဲ့ မျှတတဲ့ငွေပေးမယ်။ သင်ဆန္ဒရှိရင် ဆုတောင်းပါ။ သင့်ဆန္ဒ ပြည့်ဝစေရမယ်"

ဒီစကားကြားတော့ မောင်သက္ကဟာ အတိုင်းမသိ ချမ်းသာလိုစိတ်ရှိလို့ သုံးမကုန်၊ စွဲမကုန်တဲ့ငွေပေးပါလို့ ဆုတောင်းလိုက်တယ်။ ဒီအခါ မောင်ကံက ကန့်ကွက်စကား ဆိုပြီး "မင်း ကံကြမ္မာက ရရစားစား အနေအထားပဲ ရှိတယ်။ ဒါပေမဲ့ လုံ့လအကျိုးကိုတော့ ခံစားပေတော့" ဆိုပြီး သူ ပင်ပင်ပန်းပန်း ရှာထားတဲ့ ငွေကိုပင် ချပေးလိုက်တယ်။

ကလေးတို့ရေ... ကုသိုလ်ကံပေး မရသေးဆိုတဲ့ စကားဟာ ကံကြမ္မာဖန်လာဖို့ အချိန်မသင့်ရင် အခွင့်မသာနိုင်ဘူး။ ဉာဏ်နဲ့ဝီရိယ ဘယ်လိုပဲထက်ထက် ကံဖျက်ရင် ဖျက်တတ်တယ် ဆိုတာ မှတ်ထားကြွဲနော်...။

ကလေးတို့ ကံကောင်းကြပါစေ။

# အကျိုးမဲ့အားထုတ်မှုရလဒ်

ကလေးတို့ရေ… လုံ့လဝီရိယရှိခြင်းဟာ လူတွေမှာ ရှိသင့်သကွဲ့။ ဘယ်ကိစ္စမဆို လုံ့လဝီရိယမရှိဘဲ အလိုအလျောက် ရမလာနိုင်ဘူး။ သုံးမကုန်တဲ့ ဥစ္စာပစ္စည်းရှိသူဟာ ဒီဥစ္စာ ရတနာ ရအောင် လုံ့လပြုရှာဖွေခဲ့ရတာပါ။ လုံ့လမရှိဘဲနဲ့ ကံအလျောက် ရတာကတော့ မရှိဘူးလို့ မပြောလိုဘူး။ ရှားပါတယ်။ ဒါလည်း သေသေချာချာ ဆန်းစစ်ကြည့်ရင် လုံ့လ အခြေခံရထားတာပဲ ဖြစ်တာကိုတွေ့ရမယ်။ ဒါပေမဲ့ အကျိုးမရှိတဲ့ အားထုတ်မှုမျိုးတော့ မကြိုးစားသင့်ဘူး။ အောင်မြင်ဖို့ ရာနှုန်းနည်းတဲ့ ကိစ္စမှာ မရမနေ ဆိုတဲ့ စိတ်နဲ့ကြိုးစားလည်း အချည်းနှီးပဲဆိုရင် အချိန်ကုန်တာ အဖတ်တင်တာပေါ့။ ကောင်းကင်မှာရှိတဲ့ နေနဲ့လကို လှည်းဘီး လုပ်ချင်လို့ ပြုတ်အကျစောင့်နေတဲ့လူလောက် မိုက်မဲသူရှိဦး မလား။ ဒါမျိုး မကြိုးစားသင့်ဘူး။ အဲဒါနဲ့ပတ်သက်တဲ့ ပုံပြင်

လေးတစ်ပုဒ် ပြောပြမယ်။ ကလေးတို့ နားထောင်နော်...။

တစ်ခါက ခွန်အားဗလသန်စွမ်းတဲ့ နွားသိုးတစ်ကောင် ရှိတယ်။ သူဟာ ခွန်အားဗလမာနနဲ့ တက်ကြွတယ်၊ ကြမ်းတမ်းတယ်၊ ရိုင်းစိုင်းတယ်။ သခင်ကိုယ်တိုင် ထိန်းချုပ်လို့မရအောင် ဖြစ်နေတယ်။ ဒါကြောင့် လျစ်လျူရှုပြီး သွားလိုရာသွားစေတော့ ဆိုပြီး လွှတ်ထားလိုက်တယ်။ နွားသိုးဟာ အဖော်နွားများနဲ့ ခွဲခွာပြီး တောထဲမှာ တစ်ကောင်တည်း လှည့်လည်သွားလာတယ်။

ထိုတောထဲမှာ ငကျစ် ဆိုတဲ့ တောခွေးဟာ ဇနီးသည် တောခွေးမနဲ့အတူနေတယ်။ သူတို့လင်မယားဟာ တောအုပ် အလယ်မှာဖြတ်စီးနေတဲ့ မြစ်ဝန်းကျင်မှာ ကျင်လည်ကျက်စားတယ်။ နွားသိုးဟာ မြက်ပေါတဲ့နေရာတွေ လှည့်လည်သွားရင်း တောခွေးလင်မယားနေတဲ့ မြစ်ကမ်းပါးရောက်လာတယ်။

"ကိုငကျစ်၊ ကြည့် ... ကြည့်စမ်းပါဦး"

တောခွေးမဟာ ဘို့ကြီးတွဲလဲကျနေတဲ့ နွားသိုးကို မြင်လိုက်တာနဲ့ အဲဒီအသားဆိုင်ကြီးကို စားချင်စိတ်ဖြစ်လာတယ်။ ဘယ်ယိမ်းညာယိမ်း ယိမ်းထိုးလှုပ်ရမ်းနေတဲ့ ဘို့ကြီးဟာ တစ်ချိန်ချိန်မှာ မြေပေါ်ပြုတ်ကျလာလိမ့်မယ် ထင်တယ်။ အဲဒီလို ပြုတ်ကျရင် လွယ်လင့်တကူ ကောက်စားချင်စိတ်ဖြစ်လာတော့ လင်သားဖြစ်တဲ့ ငကျစ်ကို အသိပေးမှဖြစ်မယ်လို့တွေးတယ်။

"ဘာတုံးကွ"

—ရှုမဝ—

"ဟိုမှာလေ... ခွန်အားဗလကောင်းတဲ့ နွားသိုးတစ်ကောင် မမြင်ဘူးလား"

"မြင်သားပဲ။ ဒီလောက် ခွန်အားကောင်းတဲ့နွားကို ငါက ယှဉ်ပြိုင်ရမှာလား"

"တော့်ကို ဘယ်သူက အကျိုးမဲ့ စွန့်စားခိုင်းနေလို့လဲ။ သေသေချာချာ ကြည့်စမ်းပါ။ သူ့အထက်က ဘို့ကြီးမတွေ့ဘူးလား"

"တွေ့သားပဲ"

"အဲဒီဘို့ကြီးကို ကျုပ်စားချင်တယ်။ ပြုတ်ကျလုတည်းတည်းဖြစ်နေပြီ"

"မဟုတ်တာ။ လှုပ်လီလှုပ်လဲ့ ဖြစ်နေပေမယ့် ဒီဘို့ဟာ ပြုတ်ကျစရာ အကြောင်းမရှိဘူး"

"လောကမှာ မဖြစ်နိုင်ဘူးဆိုတာ ဘာမှမရှိဘူး။ မဖြစ်သေးတာဘဲ ရှိတယ်။ ဒီဘို့ကြီးဟာ ပြုတ်ကျတော့မယ်။ ပြုတ်ကျရင်သာ ကျုပ်ဆီယူလာပါ။ အဲသလောက် အသားတွေပြည့်နေတဲ့ ဘို့ကိုစားချင်တယ်"

"ဒီမိန်းမနှယ်... မဖြစ်နိုင်တာ တော်တော်တွေးတယ်။ ဘယ်တော့ပြုတ်ကျမှန်းမသိဘူး၊ ဘယ်အချိန်ထိ သူ့နောက်လိုက်နေရမလဲမှန်း မသိဘူး။ ဒီလို အကျိုးမရှိတဲ့အလုပ်မျိုး မလုပ်ခိုင်းချင်စမ်းပါနဲ့"

•——ပျူငသာ——•

"ရှင်ကလည်းလေ… သတ္တဝါမှန်သမျှ မျှော်လင့်ချက်နဲ့ အသက်ရှင်ရတာပဲ။ ဘယ်နေ့ဘယ်ရက် ဖြစ်လာမယ်မှန်း မသိပေမယ့် ကြိုးစားသင့်ရင် ကြိုးစားရမှာပဲ"

"ကျိန်းမသေတာကို ဘာလို့လုပ်နိုင်းချင်တာလဲ။ ဒီနေရာမှာ ကြွက်တွေ ကျက်စားတာ မင်းလည်းအသိ။ လွယ်လွယ်ကူကူနဲ့ ဖမ်းဆီးနိုင်တာလည်း မင်းကိုယ်တွေ့။ တွေးမနေနဲ့၊ ဟောဒီနေရာက စောင့်ပြီး ကြွက်သာ ဖမ်းစားရအောင်"

"ရှင်က ယောက်ျားရင့်မာကြီးဖြစ်ပြီး၊ အားလျော့စကား၊ နှိမ့်ချစကား တော်တော်ပြောတယ်။ ကြိုးစားချင်စိတ် နည်းနည်းမှ မရှိဘူး။ ကျုပ်ကတော့ အဲဒီနွားဘို့ပဲ စားချင်တယ်။ ရှင်ရအောင်ယူပေး"

"ခက်ပါလား။ မင်းတို့မိန်းမတွေဟာ ပြောရ တော်တော်ခက်တယ်။ မသေချာတဲ့ကိစ္စအတွက် ငါက တကောက်ကောက် လိုက်နေရဦးမယ်။ အဲဒီအချိန် တခြားတောခွေးက ဒီနေရာဝင်လာရင် ဟိုကလည်း မရ၊ ဒီကလည်းဆုံးရှုံး ဖြစ်ဦးမယ်။ ကျိန်းမသေတာကို မျှော်မြင်ပြီး၊ ကျိန်းသေတဲ့ဥစ္စာ လက်လွှတ်ပစ်တာလောက် မိုက်မဲတာရှိဦးမလား" .

"တော်ဟာ… ဒီလောက် သရဲဘောကြောင်တာ၊ ဖျင်းတာကို ကျုပ်မသိဘူး။ ဘယ်နှယ့်တော် ထထကြွကြွ မရှိဘူး။ ဥစ္စာအနည်းငယ်နဲ့ ရောင့်ရဲသူဟာ ဥစ္စာနည်းနည်းပဲရမယ်။ များ

များတောင့်တမှ များများရမယ်။ ဘယ်နှယ့်တော် အားမစိုက်ရတဲ့ ကြွက်ပဲ ဖမ်းစားနေတာ ဘယ်လောက်ကြာပြီလဲ။ ကြွက်ကို မစားချင်တော့ဘူး။ ကျုပ်ကတော့ ပြုတ်ကျတော့မယ့် နွားဘို့ကြီးပဲ စားချင်တယ်။ ရှင် ကြိုးစားပါ"

တောခွေးမက နွားဘို့ကိုသာ စားချင်သော အာသီသ ဖြစ်နေလို့ လင်သားဖြစ်တဲ့ တောခွေးကို မရမက ပူဆာတယ်။ တောခွေးက စိတ်မပါပေမယ့် မယားက ပူဆာလို့ မလိုက်ချင် လိုက်ချင်နဲ့ နွားသိုးနောက်က လိုက်ရတယ်။ တောခွေးနဲ့တော ခွေးမဟာ ပြုတ်လုတည်းတည်းဖြစ်နေတဲ့ ဘို့ကြီးကို မျှော်ကိုးလိုက် ပေမယ့် နွားဘို့က မြေပေါ်ကျမလာဘူး။ အဲဒီလို လိုက်နေတာ ဆယ့်ငါးနှစ်တိုင်ပြီ။ တောခွေး စိတ်ပျက်လာတယ်။

"ရှင်မ... နွားသိုးရဲ့အသားဆိုင် မြေပေါ်ပြုတ်ကျနိုးနဲ့ လိုက်လာတာ ဆယ့်ငါးနှစ်ရှိပြီ။ ဘို့က ပြုတ်မကျဘူး"

"အားလျှော့ချင်ပြီလား"

"မင်း စဉ်းစားလေ။ အကျိုးမရှိတဲ့အလုပ်ကို မျှော်ကိုးပြီး အချိန်ဖြုန်းခဲ့တာ ငါတော့ စိတ်ပျက်ပြီ။ ဒါကို စွန့်လွှတ်ပြီး ကိုယ့်လမ်းကို သွားကြစို့။

ကလေးတို့ရေ... နွားသိုးရဲ့ လည်ကုပ်ပေါ်မှာရှိနေတဲ့ ဘို့ကြီးကို စားချင်စိတ်နဲ့ နွားနောက် တကောက်ကောက်လိုက် ခဲ့တဲ့ တောခွေးနဲ့တောခွေးမဟာ အကျိုးမဲ့ အချိန်တွေကုန်သွား

တယ်။ မဖြစ်နိုင်တာကို စိတ်ကူးယဉ်တာထက် ဖြစ်နိုင်ချေရှိတဲ့ အလုပ် ကြိုးစားလုပ်ရင် ဒီ့ထက်မက အောင်မြင်နိုင်တယ်။ ကလေးတို့လည်း အလုပ်တစ်ခုလုပ်ရင် ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ စဉ်းစား။ ဖြစ်မယ်၊ အကျိုးရှိမယ်ဆိုမှ လုပ်သင့်တယ်။ အကျိုးမဲ့ အလုပ်ကို ဝီရိယထားလုပ်ရင် မအောင်မြင်တော့ အချိန်ကုန် လူပင်ပန်း စိတ်ဆင်းရဲတာပဲ အဖတ်တင်မယ်။ မှန်ကန်တဲ့လမ်းကို ရွေးနိုင်ကြပါစေကွယ်။

# ညီညွတ်ဖေးကူ မြင့်မြတ်သူ

ကလေးတို့ရေ… လူဆိုတာ တစ်ဦးတစ်ယောက်တည်း နေလို့မရဘူး။ အသိုင်းအဝိုင်း အဖွဲ့အစည်းနဲ့ နေကြရတယ်။ တစ်ဦးအကျိုး တစ်ဦး စောင့်ရှောက်ရတယ်။ ဒါမှ လောကကြီး သာယာချမ်းမြေ့မယ်။ ဒီတော့ မိတ်သင်္ဂဟဖွဲ့ကြရမယ်။ မိတ်ကောင်းဆွေမှန် ရှာရမယ်။ မိတ်ကောင်းဆွေမှန်လို့ ပြောလိုက်တာနဲ့ ဘယ်လိုလူမျိုးဟာ မိတ်ကောင်းဆွေကောင်းလည်းလို့ မေးစရာရှိတယ်။ ဒါက လွယ်ပါတယ်။ တို့ ရှင်တော်ဘုရားက မိတ်ဆွေကောင်းရဲ့ ဂုဏ်ရည်အကျင့်ကို ဖွင့်ဆိုဟောထားတဲ့ သင်္ဂါလောဝါဒသုတ် ဆိုတာ ရှိတယ်။ အဲဒီထဲမှာ မိတ်ဆွေကျင့်ဝတ်ဆိုတာ ရှိသကွဲ့။ "ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နူတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာတဲ့။ ကလေးတို့ သဘောပေါက်အောင်

ကြဲရင် ဒါဟာ မိတ်ဆွေပီသတာပါပဲ။ ဒါနဲ့ပတ်သက်ပြီး မှတ်သား စရာကောင်းတဲ့ ပုံပြင်လေးတစ်ပုဒ် ပြောပြမယ်။ အဲဒီပုံပြင်ထဲ ပါတဲ့ မိတ်ဆွေသူငယ်ချင်းတွေကတော့ လိပ်ရယ်၊ ကြွက်ရယ်၊ ကျီးရယ်၊ သမင်ရယ်ပါပဲ။ ဒီတော့ ကလေးတို့ မှတ်ဖို့ လွယ် အောင် လိပ်လေးကို ငပိုင်းလို့ ခေါ်ကြစို့။ ကြွက်လေးကတော့ ဖမောင်သွားချွန်တဲ့။ ကျီးကန်းလေးက မောင်မည်းလုံးပေါ့။ သမင် လေးကတော့ မောင်မိဂတဲ့။ မိဂရဲ့အဓိပ္ပာယ်က သမင်ပါပဲ။

တစ်ခါတုန်းက အလယ်ပိုင်းဒေသမှာ မိုးတွေခေါင်၊ ရေတွေရှား၊ သီးနှံတွေပျက်တော့ အစာရေစာ ရှားပါးငတ်မွတ် တာပေါ့။ ဒီအခါ ကျီးကန်းငမည်းလုံးက သူ့မိတ်ဆွေ ငပိုင်းကို ပြေးသတိရတယ်။ တို့များ ငတ်မွတ်နေပေမယ့် လိပ်လေးငပိုင်း နေတဲ့ အရပ်မှာတော့ ဘာသတင်းမှ မကြားရဘူး။ ဒီလိုဘေးဆိုး ကြီး ကြုံတွေ့နေတယ်လို့ မကြားရဘူး။ ဒီတော့ သူ့ရှိရာကို သွားပြီး မှီခိုရရင် ကောင်းမယ်လို့ တွေးတယ်။ ဒီအခါ ငမည်းလုံး ဟာ သူ့မိတ်ဆွေ မောင်သွားချွန်ကို သတိရပြီး အကျိုးအကြောင်း ရှင်းပြတယ်။ မောင်သွားချွန်ကလည်း "သူပါလိုက်ပါရစေ" လို့ တောင်းပန်တာနဲ့ ကျောပေါ်တင်ခေါ်လာတယ်။ တောင်ပိုင်းဒေသ မှာရှိတဲ့ ငပိုင်းနေရာ ရေကန်ကြီးဆီ လာခဲ့ကြတယ်။ မိတ်ဆွေ ဒုက္ခရောက်လာတယ်ဆိုတော့ ငပိုင်းက ပျူပျူငှာငှာ ကြိုဆိုတယ်။ နေရာပေးတယ်။ ဒီလိုနဲ့ ရေကန်ကြီးကို အမှီပြုပြီး သင့်တင့်

ကြဲရင် ဒါဟာ မိတ်ဆွေပီသတာပါပဲ။ ဒါနဲ့ပတ်သက်ပြီး မှတ်သား စရာကောင်းတဲ့ ပုံပြင်လေးတစ်ပုဒ် ပြောပြမယ်။ အဲဒီပုံပြင်ထဲ ပါတဲ့ မိတ်ဆွေသူငယ်ချင်းတွေကတော့ လိပ်ရယ်၊ ကြွက်ရယ်၊ ကျီးရယ်၊ သမင်ရယ်ပါပဲ။ ဒီတော့ ကလေးတို့ မှတ်ဖို့ လွယ် အောင် လိပ်လေးကို ငပိုင်းလို့ ခေါ်ကြစို့။ ကြွက်လေးကတော့ ဓမောင်သွားချွန်တဲ့။ ကျီးကန်းလေးက မောင်မည်းလုံးပေါ့။ သမင် လေးကတော့ မောင်မိဂတဲ့။ မိဂရဲ့အဓိပ္ပာယ်က သမင်ပါပဲ။

တစ်ခါတုန်းက အလယ်ပိုင်းဒေသမှာ မိုးတွေခေါင်၊ ရေတွေရှား၊ သီးနှံတွေပျက်တော့ အစာရေစာ ရှားပါးငတ်မွတ် တာပေါ့။ ဒီအခါ ကျီးကန်းငမည်းလုံးက သူ့မိတ်ဆွေ ငပိုင်းကို ပြေးသတိရတယ်။ တို့များ ငတ်မွတ်နေပေမယ့် လိပ်လေးငပိုင်း နေတဲ့ အရပ်မှာတော့ ဘာသတင်းမှ မကြားရဘူး။ ဒီလိုဘေးဆိုး ကြီး ကြုံတွေ့နေတယ်လို့ မကြားရဘူး။ ဒီတော့ သူ့ရှိရာကို သွားပြီး မှီခိုရရင် ကောင်းမယ်လို့ တွေးတယ်။ ဒီအခါ ငမည်းလုံး ဟာ သူ့မိတ်ဆွေ မောင်သွားချွန်ကို သတိရပြီး အကျိုးအကြောင်း ရှင်းပြတယ်။ မောင်သွားချွန်ကလည်း "သူပါလိုက်ပါရစေ" လို့ တောင်းပန်တာနဲ့ ကျောပေါ်တင်ခေါ်လာတယ်။ တောင်ပိုင်းဒေသ မှာရှိတဲ့ ငပိုင်းနေရာ ရေကန်ကြီးဆီ လာခဲ့ကြတယ်။ မိတ်ဆွေ ဒုက္ခရောက်လာတယ်ဆိုတော့ ငပိုင်းက ပျူပျူငှာငှာ ကြိုဆိုတယ်။ နေရာပေးတယ်။ ဒီလိုနဲ့ ရေကန်ကြီးကို အမှီပြုပြီး သင့်တင့်

ညီညွတ်စွာနေခဲ့ကြတယ်။

တစ်နေ့။ သူတို့မိတ်ဆွေတစ်ခု ပြောဆိုတိုင်ပင်နေချိန်မှာ တောတစ်ခုလုံး သိမ့်သိမ့်တုန်သွားအောင် ဝုန်းကြမ်းဆန်အသံကို ကြားလိုက်တော့ လန့်ဖျပ်ကုန်တယ်။ တစ်ဦးကို တစ်ဦး သတိပေးပြီး လိပ်လေးငိုင်းက ရေကန်ထဲငုပ်ပြီး ပုန်းတယ်။ ကြွက်လေး မောင်သွားချွန်က သူ့တွင်းထဲ ပြေးဝင်တယ်။ ကျီးကန်လေး ငမည်းလုံးက သစ်ပင်ထက် ပျံတက်တယ်။ အမြင့်ကိုရောက်နေတဲ့ ကျီးလေးငမည်းလုံးက အခြေအနေ အကဲခတ်ကြည့်တော့ "သမင်လေးတစ်ကောင်ဟာ အသက်လုပြီး ပြေးလာတာတွေ့ရတယ်။ စောစောက ဝုန်းကြမ်းဆန်သွားတာဟာ အဲဒီသမင်လေး ကြောင့်မှန်းသိတော့ စိတ်အေးသွားတယ်။

"ကယ်ကြပါဗျာ... ကျုပ်ကို အကူအညီပေးကြပါဗျာ"

စိုးရိမ်ထိတ်လန့်တဲ့ အမူအရာနဲ့ အကူအညီတောင်းနေတဲ့ သမင်လေးကိုမြင်တော့ ကျီးလေးက အောက်ကိုဆင်းလာတယ်။ "ဘယ်လိုဖြစ်တာလဲ" လို့ မေးလိုက်ပါတယ်။

"ရန်သူ... ရန်သူပါ။ မုဆိုးလိုက်လာလို့... ကျုပ်က မြက်နုလေးတွေစားနေတယ်။ မုဆိုးက ဘယ်အချိန် ချောင်းနေလဲ မသိဘူး။ လေးနဲ့ပစ်လို့"

"ထိသွားသေးလား"

"ကံကောင်းလို့ပေါ့။ မုဆိုးက ပစ်မလို့ နေရာယူချိန်

သစ်ကိုင်းခြောက်နှင်းမိတဲ့ ဖြောက်ခနဲ အသံကြားလို့ လှည့်အကြည့်၊ လေးညှိုးလွတ်တာမြင်လိုက်တော့ ကျုပ်က လန့်ခုန်လိုက်တယ်။ ကံသိတာဗျာ။ ခုန်သာ မခုန်မိရင် ကျုပ်နှလုံးသားထိကရောပဲ။ မုဆိုးက မြားမထိမှန်းသိတော့ အတင်းပြေးထွက်လာပြီး ကျုပ်နောက်လိုက်တာပဲ"

"ကျုပ်အထင်တော့ မုဆိုး မျက်ခြည်ပြတ်သွားလောက်ပြီ။ အပေါ်ကနေကြည့်တာ မုဆိုးကို အရိပ်အရောင်တောင် မတွေ့ရဘူး"

"ဟုတ်မှာပါ။ ခင်ဗျား တော်တော်မောနေပြီ။ ကန်ထဲဆင်းပြီး ရေအေးအေးလေး သောက်လိုက်။ ပြီးတော့ ဘေးကင်းရာညွှန်မယ်"

လိပ်၊ ကြွက်၊ ကျီးကန်းတို့ဟာ ဒုက္ခရောက်လာတဲ့ သမင်လေးမိဂကို နေရာပေး၊ အစာကျွေးစောင့်ရှောက်တယ်။ သမင်လေးမိဂက ကျေးဇူးတင်စကားတွေ တတွတ်တွတ် ပြောပြီး အမျိုးမတူသူတွေ တစ်စုတစ်ဝေးနေတာကို အံ့ဩနေတယ်။ ဒီအခါ လိပ်လေးငပိုင်းက အဖြစ်အပျက် အတိုချုပ်ရှင်းပြပြီး "မျိုးနွယ်နဲ့ယုံကြည်ချက် မတူပေမယ့် တစ်ဦးအကျိုး တစ်ဦး သယ်ပိုးချင်တဲ့စိတ်နဲ့နေကြမယ်ဆိုရင် ငြိမ်းချမ်းပါတယ်" ဟု ပြောလိုက်လို့ သဘောကျသွားတယ်။ သမင်လေးမိဂကလည်း မိတ်ဆွေတို့နဲ့ အတူတူနေပါရစေလို့ ခွင့်တောင်းတယ်။ ကျန်တဲ့

သူတွေကလည်း လိုလိုလားလား ဖိတ်ခေါ်တော့ တောကြီးတစ်ခုရဲ့ အလယ်၊ ရေကန်ကြီးတစ်ကန်အနီးမှာ အတူတကွ ညီညွတ်မျှတစွာ နေကြပါတယ်။

ကလေးတို့ရေ… အမျိုးခေနွယ် မတူတဲ့ မိတ်ဆွေလေးဦးဟာ မျှတညီညွတ်စွာနဲ့ တစ်ဦးကိုတစ်ဦး ထောက်ပံ့ဖေးကူရင်း နေလာကြတာ တစ်နေ့ကျတော့ အစာရှာထွက်သွားတဲ့ သမင်လေးမိဂက အချိန်ကျတော့ ပြန်မလာဘူး။

"မိတ်ဆွေကျီးလေး မျက်စိအားကောင်းကောင်းနဲ့ ရှာကြည့်ပါဦး။ မနေ့က မနက်ပိုင်းကတည်းက ထွက်သွားတာ"

"ဟုတ်တယ်။ မုဆိုးထောင်ထားတဲ့ ပိုက်ကွန်ထဲများမိနေလား။ ဒါမှမဟုတ် ခြင်္သေ့တွေ၊ ကျားတွေက ဖမ်းထားသလား"

"ငါလည်းကြည့်နေတာပဲ မောင်သွားချွန်ရ။ ဒီနားပတ်ဝန်းကျင်မှာတော့ ဘာမှမတွေ့ရဘူး။ နေဦး… ဖြစ်နိုင်တဲ့နေရာတွေ ငါလျှောက်ရှာလိုက်မယ်"

ကျီးလေး ငမည်းလုံးက ပြောပြောဆိုဆိုနဲ့ ပျံထွက်သွားတယ်။ လိပ်လေးနဲ့ကြွက်လေးကတော့ စိုးရိမ်ပူပန်စိတ်နဲ့ စောင့်မျှော်နေရတာပေါ့။

ကျီးလေးငမည်းလုံးက တောကို ဝေ့ဝဲပျံကြည့်သည်တွင် သမင်လေးမိဂ မုဆိုးထောင်သည့် ပိုက်ကွန်၌ငြိနေ[illegible]ကို တွေ့ရတယ်။ စိုးရိမ်စိတ်နဲ့ ပျံဆင်းသွားတယ်။

•——မျှဝေသာ——•

"မိတ်ဆွေမိဂ တို့စိတ်ပူတဲ့အတိုင်း သင်က ပိုက်ကွန်မှာ မိနေတာကိုး"

"ဟာ… ဝမ်းသာလိုက်တာ။ ကျုပ်ကတော့ သေရဖို့ ကျိန်းသေနေပါပြီ။ ဒါပေမဲ့ မသေခင် မိတ်ဆွေကိုမြင်ရလို့ ဝမ်းသာတယ်။ ကျုပ်အတွက် အားလုံးက ပူပန်နေမှန်းသိရလို့ ကျေနပ်အားရမိပါတယ်"

"ဒီလို ဘယ်ဟုတ်မလဲ။ မိတ်ဆွေဆိုတာ ဒုက္ခဆင်းရဲ ရောက်ချိန် ဖေးကူတာမှ မိတ်ဆွေစစ်ခေါ်တာ။ သင် မစိုးရိမ်ပါနဲ့၊ သင်လွတ်မြောက်ရေး ကြိုးစားပါမယ်"

"ကျေးဇူးဗျာ။ ခုလိုဒုက္ခရောက်ချိန်နဲ့ ကိုယ်ချစ်တဲ့လူနဲ့ တွေ့ရတာလောက် ကြည်နူးစရာကောင်းတာ ဘာမှမရှိဘူး။ ကျုပ်မှာ အပြစ်ရှိရင် တာဝန်မကျေတာရှိရင် ခွင့်လွှတ်ပါ"

"ဒါတွေ ပြောမနေနဲ့။ အရေးကြီးတာ သင့်လွတ်မြောက်ရေးပဲ။ မပူနဲ့ ခုချက်ချင်း မောင်သွားချွန်ကို ပြေးခေါ်မယ်။ ပြီးတော့ ချွန်ထက်တဲ့သွားနဲ့ ပိုက်ကွန်ကို ကိုက်ဖြတ်ခိုင်းမယ်"

ကျီးလေးငမည်းလုံးဟာ သမင်လေးမိဂကို ကယ်တင်နိုင်ဖို့ အချိန်ဆုတ်ဆိုင်းမနေဘဲ ရေကန်ဆီ ပျံပြေးတယ်။ သူ့မိတ်ဆွေတွေကို အကျိုးအကြောင်း ပြောပြပြီး၊ ကြွက်လေး မောင်သွားချွန်ကို ကျောပေါ်တင်ခေါ်လာတယ်။ ပိုက်ကွန်အနီး ချပေးပြီး "အမြန် ကိုက်ဖြတ်ပါ။ တို့မိတ်ဆွေမိဂ လွတ်မြောက်ရေး

က မင်းအပေါ်သည်နေတယ်လို့ ပြောလိုက်တယ်" ပြီးတော့ မုဆိုး လာမလာ စောင့်ကြည့်ဖို့ သစ်ပင်ထိပ်ပေါ် ပျံတက်လိုက်တယ်။

"ဟာ... ဒုက္ခပဲ"

ကျီးလေးငမည်းလုံးရဲ့ စိုးရိမ်တကြီး အော်လိုက်သံကြောင့် "ဘာလဲ... ဘာလဲ၊ မုဆိုးလာနေပြီလား" လို့ ကြွက်လေးက ပြန်မေးတယ်။

"မဟုတ်ဘူး... မုဆိုးမလာဘူး။ လာနေတာက ငဝိုင်း"

"ဘာ... ဒီကောင်က ဘာလာလုပ်လဲ မသိဘူး"

"သူလည်း စိုးရိမ်လို့လာတာ ဖြစ်မှာပေါ့။ လာတာက အရေးမကြီးဘူး။ သူလာနေတဲ့လမ်းက မုဆိုးလာမယ့်လမ်း ဖြစ်နေတယ်။ မုဆိုးလာရင် ငါက ကောင်းကင်ပေါ်မှာ နေနိုင်တယ်။ ကြွက်လေးကလည်း တွင်းထဲပြေးဝင်လို့ရတယ်။ ငဝိုင်းက ပြဿနာ"

"ကဲ... အဲဒါ နောက်မှစဉ်းစားမယ်။ လောလောဆယ် မိဂလွတ်ဖို့ ကြိုးစားဦးမယ်"

ကြွက်လေးမောင်သွားချွန်က ပြောလည်း ပြော၊ ကြိုးတွေကို တဖောက်ဖောက်နဲ့ ကိုက်ဖြတ်နေတယ်။ ခဏကြာတော့ ပိုက်ကွန်ပြတ်သွားပြီး၊ သမင်လေးမိဂ လွတ်သွား... ကျီးရယ်၊ ကြွက်ရယ်၊ သမင်လေးရယ်က ဝမ်းမြောက်ဝမ်းသာ

ရှိပေမယ့် ကြာရှည် ဝမ်းသာမနေနိုင်ဘူး။ သူတို့ဆီလာနေတဲ့ လိပ်လေးငပိုင်းဆီ သွားကြတယ်။ "ဘာဖြစ်လို့ လိုက်လာရတာလဲ" လို့ ကရုဏာစိတ်နဲ့ အဖြစ်တင်တော့ လိပ်လေးက "မိတ်ဆွေတစ်ယောက် ဒုက္ခဖြစ်နေချိန်မှာ လက်ပိုက်ကြည့်နေနိုင်တဲ့ မိတ်ဆွေက မိတ်ဆွေကောင်းဖြစ်ပါ့မလား" လို့ ပြန်ပြောတယ်။ အဲဒီလိုပြောနေချိန်မှာ မုဆိုးတစ်ယောက် ဘွားခနဲ ပေါ်လာလို့ အားလုံးက ပုန်းရှောင်လိုက်တယ်။ ဒါပေမဲ့ လိပ်လေးငပိုင်းကတော့ မုဆိုးရဲ့ဖမ်းဆီးမှုကိုခံလိုက်ရတယ်။

သူတို့ရဲ့မိတ်ဆွေ လိပ်လေးငပိုင်းကို မုဆိုးက ကောက်ယူပြီး အိတ်ထဲထည့်သွားတာမြင်တော့ စိတ်မကောင်းကြဘူး။ သမင်လေးမိဂကာ သူ့ကြောင့်ဖြစ်ရတာဆိုပြီး စိတ်မကောင်းနိုင်ဘူး။ မိတ်ဆွေလိပ် လွတ်မြောက်ဖို့ ဘယ်လိုလုပ်ကြမလဲလို့ တိုင်ပင်ကြတယ်။

"ကိုင်း... ဒီလို ကြိုးစားကြည့်ရအောင်"

ကျီးကန်းလေးငမည်းလုံးက သူတွေးမိတဲ့ အကြံအစည်ကို ပြောပြတယ်။

"ဟောဒီနေရာက မလှမ်းမကမ်းမှာ ရေအိုင်တစ်ခုရှိတယ်။ မုဆိုး ပြန်မယ့်လမ်းပဲ။ အဲဒီမှာ မိတ်ဆွေမိဂကာ သေဟန်ဆောင် လှဲနေ။ ကျုပ်က သမင်လေးမိဂကို နှုတ်သီးနဲ့ ထိုးဆိတ်နေဟန်ဆောင်မယ်။ ဒါဆို သမင်လေးမိဂ သေနေပြီလို့

မုဆိုးတွက်မယ်။ ဒီအခါ သူ့အိတ်ကိုချပြီး သမင်ကိုယူဖို့ ကြံမယ်။ အဲဒီအချိန်မှာ ကြွက်လေးမောင်သွားချွန်က လိပ်မှာ ချည်နှောင်ထားတဲ့ကြိုးတွေ အမြန်ဆုံးကိုက်ဖြတ်၊ လွတ်မြောက်တော့ ရေအိုင်ထဲ ဆင်းပြေး။ မိဂကလည်း သေဟန်ဆောင်လဲ့နေရာက ရုတ်ခြည်းထပြေး၊ ကျီးကလည်း သစ်ပင်ပေါ် ပျံတက်ပြေးမယ်"

အားလုံးက ကျီးကန်းမည်းလုံးပေးတဲ့ အကြံအစည်ကို လက်ခံပြီး လှုပ်ရှားလိုက်တယ်။ သေဟန်ဆောင်နေတဲ့ သမင်ကို မြင်တဲ့ မုဆိုးဟာ လိပ်ထည့်ထားတဲ့ အိတ်ကိုချပြီး သမင်နားချဉ်းကပ်လာတယ်။ အားလုံးက တိုင်ပင်ထားတဲ့အတိုင်း ဟန်ချက်ညီညီ လှုပ်ရှားကြတယ်။ သေဟန်ဆောင်နေတဲ့ သမင်လေးမိဂ ထပြေးတာနဲ့ ကျန်တဲ့ လိပ်၊ ကျီးတို့လည်း လွတ်ရာကို ပြေးကုန်ကြတော့ မုဆိုးဟာ ငေးငိုင်ပြီး ကျန်ရစ်ခဲ့တယ်။

ကလေးတို့ရေ... မိတ်ကောင်းဆွေကောင်းရှိခြင်းဟာ လူ့ဘဝအောင်မြင်ရေးအတွက် အကြီးမားဆုံး အထောက်အပံ့ပဲကွဲ့။ ကျီး၊ လိပ်၊ ကြွက်၊ သမင်တို့ဟာ မျိုးနွယ်တူမဟုတ်ပေမယ့် တစ်ဦးအကျိုး တစ်ဦး သယ်ပိုးချင်စိတ်နဲ့ ပေါင်းသင်းကြတော့ အသက်ဘေးအန္တရာယ်က လွတ်မြောက်ကြတယ်။ မိတ်ကောင်းဆွေကောင်း ပေါင်းသင်းကြပါလို့ သတိပေးပါရစေကွယ်။

ပြီးပါပြီ

## ရေထဲက လမင်း

ကလေးတို့ရေ...။

ကောင်းကင်မှာရှိတဲ့ နေမင်းနဲ့ လမင်းကြီးကိုတော့ ကလေးတိုင်း မြင်ဖူးမှာပါနော်။ အေး... ဗဟုသုတပြည့်စုံတဲ့ ကလေးတွေကို မေးပါဦးမယ်။ လဘယ်နှစင်း၊ နေဘယ်နှစင်း ရှိသလဲကွဲ့။ အဟဲ... ဒါလေးများလို့ ရယ်မောပြီး ဖြေကြမှာပါ။ ဟုတ်တယ်လေ... လတစ်စင်းနဲ့ နေတစ်စင်းပဲ တွေ့နေရတော့ တစ်စင်းစီလို့ ဖြေမှာပေါ့။ တို့လည်း ဒီလိုပဲ ဖြေမှာပါ။ ဒါပေမဲ့ ယုန်ပညာရှိက လမင်းနှစ်ခုကို အကြောင်းပြုပြီး ဘေးအန္တရာယ်က လွတ်မြောက်အောင်လုပ်ဖူးသကွဲ့။ ကောင်းကင်ပေါ်မှ လမင်း တစ်ခုနဲ့ ရေထဲက လမင်းတစ်ခု။ အဲဒါကို ပညာရှိ ယုန်မင်း ဖန်ဆင်းလိုက်တာပေါ့။ အတွေးကောင်းတဲ့ ယုန်လေးအကြောင်းက စိတ်ဝင်စားစရာကောင်းလို့ ပြောပြဦးမယ်။

•———ဏ္ဍမင္ကေသာ———•

ဟိုးရှေးရှေးတုန်းက တောအုပ်ကြီးတစ်အုပ်ထဲမှာ ဆင်အုပ်ကြီးတစ်အုပ် ရှိသတဲ့။ အဲဒီဆင်အုပ်ရဲ့ အကြီးအမှူးက ဆဒ္ဒန်ဆင်မင်းကြီးပေါ့။ ခွန်အားဗလနဲ့ပြည့်စုံတဲ့ ဒီဆင်ကြီးဟာ ဆင်ပေါင်းရှစ်သောင်းနဲ့အတူ သွားလာလှုပ်ရှားနေတယ်။

အခါတစ်ပါးမှာ မိုးက အဆက်မပြတ် ခေါင်တော့ အင်းများ၊ အိုင်များ၊ ရေကန်များ၊ မြစ်ချောင်းများ ခန်းခြောက်ကုန်တယ်။ ရေခန်းခြောက်တော့ သစ်ပင်၊ ကောက်ပင်တွေလည်း ညှိုးနွမ်းကုန်တယ်။ ဒီတော့ ဆင်အပေါင်းအတွက် စာရေးသောက်ရေးက ခက်ခဲကုန်တယ်။

"အရှင်ဆင်မင်း၊ သတ္တဝါတွေရဲ့အသက်ကို ကယ်တင်ပါတော့။ မြစ်ချောင်း အင်းအိုင်တွေမှာ ရေတွေခန်းခြောက်ကုန်လို့ သောက်ရေအတွက်တောင် ဆင်းရဲကုန်ပြီ။ အသက်အရွယ်ကြီးသူတွေနဲ့ ငယ်ရွယ်သူတွေဟာ ဒဏ်မခံနိုင်လို့ သေကုန်ပြီ။ မသေတဲ့ ဆင်တွေလည်း ခွန်အားပြတ်ပြီး လဲနေပြီ။ စောင့်ရှောက်ပါမင်းကြီး"

ဆဒ္ဒန်ဆင်မင်းဟာ တပည့်နောက်လိုက်တွေ စကားကြောင့် စိတ်မချမ်းသာဘူး။ ကြုံတွေ့နေတဲ့ ပြဿနာကို ဘယ်လိုရှင်းရမလဲဆိုတာ စဉ်းစားတယ်။

"ဩော်... သတိရပြီ။ ရေကန်ကြီး တစ်ခုရှိတယ်ဟေ့။ အဲဒီ ရေကန်ကတော့ ဆယ့်နှစ်ရာသီ ရေမပြတ်ဘူး"

"ရေရှိရင် သစ်သီးသစ်ပင်တွေလည်း ရှိမှာပါ"

"ရှိတာပေါ့။ ကန်ရဲ့ ထက်အောက်ဝန်းကျင်မှာ သီးပင် စားပင်တွေ အမြောက်အမြားပဲ။ ဟုတ်ပြီ။ တို့ အဲဒီကိုသွားကြ မယ်"

ဆင်အုပ်ကြီးဟာ အားအင်ချို့တဲ့နေတဲ့ ဆင်တွေကို ဖေးဖေးမမ စောင့်ခေါ်ပြီး ရေကန်ဆီသွားကြတယ်။ ငါးရက်ငါးည ခရီးကို မနားမနေ သွားပြီးချိန်မှာ ဆင်မင်းပြောတဲ့ ကန်ကိုရောက် သွားတယ်။ ကြာမျိုးငါးပါးနဲ့ တင့်တယ်နေတဲ့ကန်မှာ ဆင်တွေ ရေချိုးတယ်။ ကြာစွယ်၊ ကြာပန်းတွေ ခူးယူစားသောက်ကြတယ်။ ရေငတ်မွတ်နေတဲ့ ဆင်တွေဟာ ရေကို အားပါးတရ ချိုးရ၊ သောက်ရတော့ ခွန်အားပြည့်လာတယ်။ တစ်နေ့လုံး ရေချိုးပြီး၊ ညနေစောင်းမှ ကန်ပေါ်ကို ပြန်တက်ပြီး ထွက်ခွာလာကြတယ်။ ကန်နဲ့ မနီးမဝေးမှာရှိတဲ့ ကျောက်ဂူကြီး တစ်လုံးကိုတွေ့တော့ အမှီပြုဖို့ကောင်းတယ်ဆိုပြီး ဆင်အုပ်ကြီး စတည်းချလိုက်တယ်။

ဆင်တွေအတွက် အခက်အခဲအားလုံး အဆင်ပြေသွား ပေမယ့်၊ အဲဒီ ရေကန်ပတ်လည်ကို အမှီပြုနေတဲ့ ယုန်တွေအဖို့ တော့ စစ်ပွဲကြီးတစ်ပွဲအတွင်း ကျရောက်သလို ခံစားသွားရတယ်။ ဆင်တွေက ယုန်တွေနေတဲ့ တွင်းတွေကိုနင်းသွားတော့ တွင်း တွေပျက်၊ သေသူသေ၊ အနာတရ ဖြစ်သူဖြစ်နဲ့ ကျန်ရစ်တယ်။ ဆင်အဖို့မှာတော့ မပြောပလောက်ပေမယ့် ယုန်အဖို့တော့ မိုးပြို

သလို ငေလျှင်ဒဏ်ခံရသလို ဒုက္ခရောက်ကုန်တယ်။

"အရှင်ယုန်မင်း ကျုပ်တို့ရဲ့ အေးချမ်းတဲ့ဘဝ ပျက်ပြီ။ ဒါဟာ ဆင်အုပ်ကြောင့်ဖြစ်ရတာ။ နောက်နေ့လာရင် ဒီလိုပဲ ဖြစ်ဦးမှာပဲ။ သည်းခံနေရင် ယုန်တစ်မျိုးလုံး ပြုတ်သွားလိမ့်မယ်"

"ဒါဆို ဘာလုပ်ကြမလဲ"

"ဒီဆင်တွေကို ခုခံတိုက်ခိုက်ကြမယ်"

ယုန်တစ်မျိုးသားလုံး အရေးဖြစ်နေတော့ အားလုံး စုပေါင်းဆွေးနွေးတယ်။ ဒီအခါ ခွန်အားဗလပြည့်စုံတဲ့ ယုန်ပျို လေးတစ်ကောင်က ဆင်အုပ်ကို တိုက်ခိုက်မယ်လို့ အကြံပြုတယ်။ ယုန်အားလုံးက အဲဒီယုန်ပျိုကို အထိတ်တလန့် အမူအရာနဲ့ လှည့်ကြည့်တယ်။

"မဖြစ်နိုင်တဲ့စကား မပြောပါနဲ့။ ဆင်တစ်ကောင်တည်း ကိုတောင် တို့အားလုံးက တိုက်စမ်း။ နိုင်စရာ အကြောင်းမရှိဘူး"

"ဒါဆို ငုတ်တုတ်ထိုင် အသေခံကြ"

"ရော... မင်း ဘယ်လိုစကားမျိုးပြောနေတာလဲ။ မဖြစ် နိုင်တဲ့ အကြံအစည် ကြံစည်တယ်၊ အများမနှစ်သက်တဲ့ အကြံကို ပေးတယ်"

"ရှင်မလား... သေမလား၊ ဒီနှစ်လမ်းထဲက တစ်လမ်းပဲ ရွေးဖို့ရှိတာ"

ထိုအခါ ယုန်အဘိုးအိုက "ခဏနေကြစမ်းပါဦး" ဟု

တားမြစ်လိုက်ပြီး ချင့်ချင့်ချိန်ချိန် စကားဆိုသည်။

"အကောင်းဆုံးကတော့ တို့များ ဒီနေရာက စွန့်ပြီး တခြားသင့်တော်တဲ့ အရပ်တစ်ခုကို ရွှေ့မှသင့်မယ်ထင်တယ်။ စွန့်လွှတ်ခြင်းဟာ အကောင်းဆုံးနည်းပဲ"

"တခြားနည်းမရှိတော့ဘူးလား"

ယုန်အဘိုးအိုရဲ့ အကြံအစည်ကို လက်မခံနိုင်သော်လည်း လတ်တလောအနေအထားက သင့်တင့်တဲ့ အကြံအစည်မို့ တောင်းဆိုစကား ဝင်ပြောကြတယ်။ အားလုံးက တစ်သက်လုံး နေခဲ့တဲ့ ဒီအရပ်ကို မစွန့်ခွာချင်ကြဘူး။

"ငါတွေးတဲ့စွန့်ခွာခြင်းက ဘေးကင်းမယ်ထင်တယ်လေ။ အိမ်ထောင်စုအတွက် တစ်ယောက်ကို စွန့်ချင်စွန့်ရမယ်။ မြို့ တစ်မြို့အတွက် ရွာကို စွန့်ချင်စွန့်ရမယ်။ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့အတွက် တစ်ကမ္ဘာလုံးကို စွန့်တန် စွန့်ရမယ်"

"အဘိုး စကားကို ကျုပ်ကန့်ကွက်တယ်။ ဘယ့်နယ်များ ဘိုးဘွားဘီဘင်လက်ထက်ကတည်းက နေလာတဲ့ ဒီအရပ်ကို စွန့်ခွာရမယ်ဆိုတော့"

ယုန်ပျိုလေးက ဒေါသတကြီး ထအော်တယ်။ သူ့အနေနဲ့ ၂၈၀၀ အရာရာ အဆင်ပြေနေတဲ့ ဒီနေရာက ဘယ်မှ မသွားချင်ဘူး။ ယုန်ငယ် တော်တော်များများကလည်း သူနဲ့ သဘောချင်းတူကြတယ်။ ယုန်ခေါင်းဆောင်က မနေသာတော့

ဘူး။ အားလုံးကို ခဏငြိမ်သက်ဖို့ ပြောလိုက်ပြီး၊ သူ့အစီအစဉ် ပြောတယ်။

"ကျုပ်တို့ တမန်တစ်ယောက် ရွေးချယ်ပြီး ဆင်မင်းဆီ လွှတ်ရမယ်"

"ဘာအတွက်လဲ"

"စစ်ပွဲတစ်ပွဲတိုက်တယ်ဆိုတာ လက်နက်တွေ သုံးပြီး တိုက်ခိုက်မှ ပြီးမြောက်တာမဟုတ်ဘူး။ စကားစစ်ထိုးရင်လည်း ပြီးပြေပါတယ်"

"ယုန်မင်း ဆိုလိုတာက"

"ဆင်မင်းကို ပရိယာယ်နဲ့သုံးပြီး ဒီအရပ်က စွန့်ခွာသွားအောင် ကြိုးစားရမယ်။ ဒီလို... တမန်က ဆင်မင်းကို ပြောရမယ်။ သင်တို့ဆင်တွေ ဒီအရပ်မလာဖို့ လမင်းက ပိတ်ပင်လိုက်တယ်လို့ပြော"

"ပြောတော့"

"တန်ခိုးရှင်လမင်းရဲ့ စကားကို ဆင်တွေနာခံမှာပဲ။ ဆင်ဆိုတဲ့ သတ္တဝါဟာ ကိုယ်ထည်ကြီးတာကလွဲပြီး၊ အသိဉာဏ် ဘာမှရှိတာ မဟုတ်ဘူး။ ဖြစ်နိုင် မဖြစ်နိုင် တွေးမှာမဟုတ်ဘူး"

"မင်းတို့ကို ဘယ်တုန်းက ပြောတာလဲဆိုရင်"

"ဒီအတွက် မစိုးရိမ်ပါနဲ့။ ငါပြောတဲ့စကား ဆင်မင်းဆီ ရောက်အောင်သာ ပြောဖို့ တမန်ရွေးလိုက်"

"ကျုပ်သွားမယ်"

ယုန်ပျိုလေးက ဆင်အုပ်ရှိရာကို သွားပြီး "အသင် ဆင်မင်း၊ သင်နဲ့ သင့်ဆင်တွေ လမင်းပိုင်နက် ရေကန်ကို မကျူးကျော်ဖို့ ကျွန်ုပ်ကို စေလွှတ်လိုက်ပါတယ်" ဟု ပြောလိုက် သည်။ မဖြစ်စလောက် ယုန်လေးက မာမာထန်ထန် စကားဆို လာလို့ ဒေါပွသွားတယ်။ ဒါပေမဲ့ အကြောင်းထူးရှိမယ်လို့ တွေးပြီး ဒေါသချုပ်တည်းတဲ့အနေနဲ့ နှာမောင်းကိုခတ်လိုက်တယ်။

"သင်ဘယ်သူလဲ"

"ကျွန်ုပ်ဟာ ဘုရားသခင်လမင်းရဲ့ တမန်တော်ပါ။ လမင်းမှာနေတဲ့ တမန်တော်ယုန်ပါ။ ဘုရားသခင်လမင်းက လွှတ်လိုက်လို့လာတာပါ"

"အင်း... အဲဒီလမင်းက အခုဘယ်မှာလဲ"

"ရေကန်မှာ စံမြန်းနေပါတယ်။ မနေ့က သင်တို့ဟာ ယုန်တွေရဲ့ နေအိမ်တွေ ဖျက်ဆီးပစ်လို့ ယုန်တွေက ငိုယို တိုင်တည်ကြတယ်။ သနားကရုဏာကြီးမားတဲ့ ဘုရားသခင်က ဆင်တွေကို တားမြစ်ချည် ဆိုပြီး လွှတ်လိုက်လို့လာတာပါ"

"ငါ အဲဒီလမင်းနဲ့ တွေ့ချင်တယ်"

"ဒါဆို ဆင်မင်းချည်းပဲ လိုက်ခဲ့ပါ။ ဆင်အားလုံးဆိုရင် တော့ ဘုရားသခင်လမင်းက ခွင့်ပြုမယ်မထင်ဘူး"

"ကောင်းပြီလေ"

●——ဗျွဟသာ——●

ယုန်ပျိုလေးက ယုန်မင်း သင်ပြလိုက်တဲ့အတိုင်း ခပ်တည်တည်နဲ့ ပြောဆိုတယ်။ ကြိုတင် မျှော်မြင်မိတဲ့ ယုန်မင်းဟာ လမင်းအရိပ် ရေကန်ထဲထင်လာချိန် ဆင်မင်းကို ပြဖို့ မှာထားတယ်။ ဆင်တွေ သိတာက ကောင်းကင်မှာရှိတဲ့လမင်း။ ဒီလမင်း ထွန်းပချိန်ဆိုရင် လောကဓာတ်တစ်ခွင်လုံး ထွန်းလင်းနေတယ်။ အေးမြတဲ့ လမင်းအရောင်က လောကဓာတ်တစ်ခွင်လုံး ငြိမ်းချမ်းမှုပေးတယ်။ ဒီလမင်းအရောင်မြင်ရရင် စိတ်ဘဝင်ချမ်းမြေ့တယ်။ သတ္တဝါများ စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်တဲ့ လမင်းကို နဂိုကတည်းက အထင်ကြီးလေးစားခဲ့တယ်။ အခု တန်ခိုးရှင်လမင်းက မြေပြင်ကို ဆင်းလာတယ်။ သူ့ပိုင်နက် ဖျက်ဆီးတယ်ဆိုပြီး လာရောက်တွေ့ဆုံခြင်း ဖြစ်တယ်။ ဖူးရခဲတဲ့ လမင်းကြီးကို အနီးကပ် ဖူးရမယ်ဆိုလို့ ဝမ်းသာနေတယ်။

ယုန်ပျိုလေးက ဆင်မင်းကို ဦးဆောင်ခေါ်လာတယ်။ ပြီးတော့ ကန်ပေါင်ပေါ်ထိ ခေါ်လာပြီး၊ ကန်ထဲထင်နေတဲ့ လမင်းရဲ့အရိပ်ကို ညွှန်ပြလိုက်တယ်။ ယုန်ပျိုလေးက ဆင်မင်း မမြင်မီ ကန်ရေပြင် လှုပ်ယမ်းသွားအောင်လုပ်လိုက်လို့ တည်ငြိမ်နေတဲ့ ကန်ရေပြင်မှာ ဂယက်တွေထသွားတယ်။ ဒီအခါ လမင်းအရိပ်က လှိုင်းတံပိုးတွေ ရိုက်ခတ်သွားလို့ မသက်မသာ မတည်မငြိမ် ဖြစ်သွားတယ်။

"တောင်းပန်လိုက်ပါ ဆင်မင်း။ နောက်တစ်ကြိမ် ဒီအမှု

မျိုး မဖြစ်စေရဘူးလို့ တောင်းပန်လိုက်ပါ"

ယုန်ပျိုလေးပြောတာနဲ့ ဒူးတုပ်ထိုင်ချလိုက်ပြီး လမင်းကို ဦးညွှတ်လိုက်တယ်။ ကတုန်ကယင်အသံနဲ့ ခွင့်လွှတ်ဖို့ တောင်းပန်တယ်။ ပရိယာယ်ကောင်းတဲ့ ယုန်မင်းရဲ့ ဥပါယ်တံမျဉ်နဲ့ ထိုးနက်ချက်ကြောင့် ဆင်အုပ်ကြီးဟာ ရေကန်နဲ့ဝေးရာ အရပ်ကို ထွက်သွားပါတော့တယ်။

ကလေးတို့ရေ... စစ်ပွဲဆိုတာ အရှုံးအနိုင်အတွက် ရင်ဆိုင်တိုက်မှ မဟုတ်ဘူး။ ဓားတစ်ချက်မခုတ်၊ လှံတစ်ချက် မပစ်ရဘဲ ပရိယာယ်နဲ့ အောင်မြင်အောင်လုပ်နိုင်ရှင်လည်း ပြီးတာပဲ။ အောင်ဖို့က အဓိကပဲ။ ဒီတော့ ခွန်အားဆိုတာ ဉာဏ်အားရဲ့အောက်မှာ ပြားပြားမှောက်မှောက် ရောက်သွားရတာပေါ့။ ကလေးတို့လည်း ဉာဏ်ပညာကို အသုံးချလျက် အောင်ပွဲဆင်နိုင်ကြပါစေ...။

## အကျင့်ယုတ် မင်းမလုပ်စေနဲ့

ကလေးတို့ရေ... တိုင်းပြည်အုပ်ချုပ် မင်းလုပ်သင့်တဲ့ ပုဂ္ဂိုလ်ဆိုတာ တော်ရုံတန်ရုံသူမျိုး မဖြစ်သင့်ဘူး။ မရွေးချယ်သင့်ဘူး။ "ဖွတ် မိကျောင်းဖြစ် မြစ်မချမ်းသာ" ဆိုတဲ့ စကားလို မသင့်သူ အုပ်ချုပ်ရင် တိုင်းပြည်နစ်နာတတ်တယ်။ မင်းဖြစ်သင့်သူဟာ နာယကဂုဏ်(၆)ပါး၊ သင်္ဂဟတရား(၄)ပါး၊ မင်းကျင့်တရား (၁၀)ပါး ပြည့်စုံသူမျိုးဖြစ်သင့်တယ်။ မင်းမှ မဟုတ်ပါဘူးကွယ်။ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ နှင်းအပ်မယ်ဆိုရင် ဘယ်လိုအဆင့်ပဲအပ်အပ် တော်တိမှန်ကန်သူမျိုး ဖြစ်သင့်တယ်။ မင်းမှမဟုတ်ပါဘူးကွယ်...တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ နှင်းအပ်မယ်ဆိုရင် ဘယ်လိုအဆင့်ပဲအပ်အပ် တော်တိမှန်ကန်သူမျိုး ဖြစ်သင့်တယ်။ ဒီလိုမှမဟုတ်ဘဲ အယောင်ဆောင်သူတော်ကောင်းမျိုးလက်ထဲ ဝကွက်အပ်ရင်တော့ ပြည်သူတွေ

ဆင်းရဲပြီသာမှတ်တော့။

ဒါနဲ့ပတ်သက်ပြီး နမူနာယူသင့်တဲ့ပုံပြင်လေးတစ်ပုဒ် ပြောပြမယ်။

ရှေးတုန်းက တောအုပ်ကြီးတစ်ခုထဲက သစ်ပင်တစ်ပင်မှာ ကျီးတစ်ကောင်က အမြဲနေတယ်။ အဲဒီသစ်ပင်ရဲ့ သစ်ခေါင်းပေါက်ထဲမှာလည်း ခါတစ်ကောင်က အသိုက်အအုံဖွဲ့နေတယ်။

ကျီးနဲ့ခါတို့ဟာ သစ်ပင်တစ်ပင်တည်း အတူတကွနေလာကြတော့ ရင်းနှီးနေတာပေါ့။ ပြီးတော့ သူတို့ဟာ တိုးတိုးဖော် တိုင်ပင်ဖက်ဖြစ်နေတော့ စကားစမြည်တွေပြောကြ၊ တစ်နေ့တာလှုပ်ရှားသွားလာရာက ရတဲ့ဗဟုသုတတွေဖလှယ်ကြ၊ တစ်ခါတစ်ရံ ပြောစရာစကားမရှိရင် ပုံပြင်လေးတွေပြောကြနဲ့ ချစ်ခင်ရင်းနှီးစွာနေလာကြသတဲ့။

တစ်နေ့တော့ ခါလေးက အစာရှာသွားဦးမယ်ဆိုပြီး ထွက်သွားဘယ်။ မနက်ကတည်းကထွက်သွားတာ ညအိပ်ချိန်ရောက်တဲ့အထိ ပြန်ရောက်မလာဘူး။ အစာရှာရင်း မုဆိုးရဲ့ ကျော့ကွင်းထဲမိပြီကား...အင်အားကြီးတဲ့ တောကောင်တစ်ကောင်ကောင်က ရန်ပြုလို့ အသက်ဆုံးရှုံးပြီလားလို့တွေးပြီး စိတ်မကောင်း ဖြစ်ရတာပေါ့။

ညဥ့်နက်ပိုင်းရောက်တဲ့အချိန်မှာ ယုန်တစ်ကောင်က ကျီးနေတဲ့သစ်ပင်ကြီးနား ရောက်လာတယ်။ သစ်ခေါင်းပေါက်

တွေ့တော့ ဝင်နေတယ်။ "အဲဒါ ခါရဲ့အိမ်လို့ ကျိုးက မပြောလိုက်ဘူး။ သူတွက်တာက ဒီအချိန်မှ ခါလေးပြန်မလာရင် တစ်စုံတစ်ခုဖြစ်ပြီ။ အသက်ဆုံးရှုံးလို့ ပြန်မလာတော့ဘဲနေတာ ဖြစ်မယ်ဆိုပြီး လက်ခံထားလိုက်တယ်။ ဒါပေမဲ့ နောက်နှစ်ရက်လောက်ကြာတော့ ခါလေးက မမျှော်လင့်ဘဲ ပြန်ရောက်လာတယ်။ သူ့အသိုက်ဖြစ်တဲ့ သစ်ခေါင်းထဲကြည့်လိုက်တော့ ယုန်တစ်ကောင်က အကျသားထိုက်နေတာ တွေ့ရတယ်။

"မိတ်ဆွေ၊ အဲဒါ ကျုပ်အိမ်။ ဖယ်လိုက်ပါ"

"ဘယ်လို၊ သင့်အိမ်ဟုတ်စ။ ရေအိုင်ရေကန် သစ်ပင်တွေကို ဘယ်သူမှအပိုင်ထိန်းထားလို့မရဘူး။ အားလုံးနဲ့ဆိုင်တယ်။ လက်ရှိနေတဲ့ပုဂ္ဂိုလ်ရဲ့ အိမ်ရာသာဖြစ်တယ်"

"ဒါ သက်သက်မဲ့ ကျူးကျော်တာပဲ။ ကျုပ်ဒီမှာနေလာတာ နှစ်နဲ့ချီနေပြီ။ ကျုပ်အိမ်ဟာ ကျုပ်အိမ်ပဲဖြစ်ရမယ်"

"ဒီမယ်ကိုယ့်လူ။ လူတွေမှာသာ အိုးပိုင်အိမ်ပိုင်ဆိုတာရှိတယ်။ ကျေးငှက်တွေအတွက် အိမ်ပိုင်ဆိုတာ ထုံးတမ်းစဉ်လာမရှိဘူး"

ခါနဲ့ယုန်တို့ဟာ တစ်ယောက်တစ်ပေါက်အငြင်းပွားရင်း အချင်းများကြတယ်။ ပြဿနာဖြေရှင်းဖို့ တရားသူကြီးတစ်ယောက် ရှာရမယ်။ တော်တီမှန်ကန်တဲ့ ပုဂ္ဂိုလ်တစ်ဦးကို အဆုံးအဖြတ်ပေးဖို့ ခန့်မယ်။ ဒါကို သဘောတူလားလို့မေးတော့

ယုန်ကလည်း လက်ခံတယ်။

အဲဒီလို အချင်းများနေချိန်မှာ တောကြောင်တစ်ကောင်က သစ်ပင်နားရောက်လာတယ်။ ယုန်နဲ့ခါ အငြင်းပွားနေပုံ၊ ဒီပြဿနာကိုဖြေရှင်းဖို့ တရားသူကြီးရှာနေပုံသိလိုက်တော့ ဒါဟာ အခွင့်အရေးပဲ။ နှစ်ကောင်စလုံး သတ်စားဖို့အခွင့်အရေးပဲလို့ တွေးပြီး သူတော်ကောင်းယောင်ဆောင်လိုက်တယ်။

တောကြောင်ဟာ လက်ထဲမှာ ပန်းတစ်စည်းကိုင်ပြီး နေဘက်ကို မျက်နှာမူတယ်။ မြစ်ကမ်းတစ်ခုရဲ့ဘေးမှာ ငြိမ်ငြိမ်သက်သက်ထိုင်၊ မျက်စိကိုစုံမှိတ်၊ ရတဲ့မန္တာန်တွေရွတ်ဖတ်နေတယ်။ ဘေးကကြည့်တော့ တရားဓမ္မနဲ့ပြည့်စုံတဲ့သူတော်ကောင်းကြီးပေါ့။

"ဟိုမှာ...သူတော်ကောင်းတစ်ယောက် ထိုင်နေတယ်။ သူ့ကို တရားသူကြီးအရာထား ဆုံးဖြတ်ခိုင်းမယ်"

"ဘာ"

ယုန်ညွှန်ပြတဲ့ပုဂ္ဂိုလ်ကိုကြည့်လိုက်တော့ တောကြောင်။ သူတို့ကို အမြဲဒုက္ခပေးနေတဲ့ ဝေဘကြောင်ကိုမြင်တော့ ထိတ်လန့်သွားတယ်။ တောကြောင်မကြိုက်တဲ့စကား မပြောဝံ့လို့ ကောင်းသားပဲဆိုတဲ့အဓိပ္ပာယ်နဲ့ ခေါင်းညိတ်လိုက်တယ်။ ဒီအခါ ယုန်က ခပ်ဝေးဝေးမှ လှမ်းအော်လိုက်တယ်။

"အိုး...တရားရှင်။ သင့်အမူအရာကိုကြည့်ရုံနဲ့ တရား

ရှင်မှန်း သိပါတယ်။ မှန်ကန်စွာဆုံးဖြတ်မယ်လို့လဲ ယုံကြည်ပါတယ်။ ကျွန်ုပ်တို့ ငြင်းခုန်နေတဲ့ပြဿနာကို အဆုံးအဖြတ်ပေးပါ။ တရားနည်းလမ်းမကျတဲ့သူကို စားလိုက်ပါ"

ယုန်ရဲ့စကားကြားတော့ မိတ်ထားတဲ့မျက်လုံးကိုဖွင့်တယ်။ နားနှစ်ဖက်ကိုပိတ်ပြီး ခေါင်းခါရမ်းတယ်။

"ဘုရား...ဘုရား၊ ဒီစကား ဘာကြောင့်ပြောတာလဲ။ သင်တို့ကို သတ်ဖြတ်စားသောက်ဖို့ နောက်နောင်မပြောပါနဲ့။ ကျုပ်ဟာ သူ့အသက်သတ်မှုကို ပယ်စွန့်ထားသူ၊ သက်သက်လွတ်သုံးသူပါ"

"အို...တောင်းပန်ပါတယ်။ အမိုက်အမဲမို့ စကားမှားတာခွင့်လွှတ်ပါ။ ကျုပ်တို့ ဒီကိစ္စသာ မှန်ကန်အောင် ဆုံးဖြတ်ပေးပါ"

"ကောင်းပြီ။ သင်တို့ရဲ့ အငြင်းပွားမှုကို တရားမျှတစွာဆုံးဖြတ်ပေးပါမယ်။ သင်တို့ကိုလည်း သတ်မစားပါဘူး။ အဖြစ်အပျက်သာ တင်ပြပါ"

"ဒီလိုပါ"

ယုန်နဲ့ခါက ခပ်လှမ်းလှမ်းကနေပြီး သူတို့အဖြစ်အပျက်ကို တင်ပြတယ်။ တောကြောင်က နားအနီးလက်လကာလျက်ဂရုတစိုက်နားထောင်လေဟန်ဖြင့် ပြုတယ်။

"ကျုပ်က အဘိုးကြီးဖြစ်နေပြီ။ မျက်စိလည်း မကောင်းဘူး။ နားလည်းမကောင်းဘူး။ သွားတွေကလည်း

ကျိုးနေပြီ။ ဒီအဘိုးကြီး ရှင်းရှင်းလင်းလင်းသိအောင် ရှေ့တိုးပြောစမ်းပါ"

ယုန်နဲ့ခါက တောကြောင်ရဲ့အပြုအမူနဲ့ တောကြောင်ရဲ့စကားကြားတော့ စိတ်ချယုံကြည်သွားဟန်နဲ့ အကျိုးအကြောင်းတင်ပြဖို့ရှေ့တိုးသွားတယ်။ ဒီအခါ အနီးအားရောက်လာတဲ့ယုန်နဲ့ခါကို သန်မာတဲ့လက်နဲ့ဖမ်းပြီး သတ်စားလိုက်တယ်။

ကလေးတို့ရေ...

ယုတ်ညံ့တဲ့စိတ်ထားရှိသူ၊ လျှပ်ပေါ်လော်လီသူ၊ အယောင်ဆောင်သူတော်ကောင်းဆောင်သူကို မင်းမြှောက်မိရင် အသက်အားလုံး ဆုံးရှုံးရတတ်ပါတယ်။ သူတော်ကောင်းမဟုတ်တဲ့ အယောင်ဆောင်သူကို ဘယ်တော့မှ ခေါင်းဆောင်မမြှောက်မိဖို့ သတိရှိရမယ်ကွယ့်နော်။

# ဦးသူတော်နှင့် လူလိမ်သုံးယောက်

တောင်ကုန်းတစ်ခုပေါ်ရှိ ဝါတဲလေးတွင် တစ်ပါးတည်း သီတင်းသုံးနေသော ဦးသူတော်သည် အလှူဒါနပြုလိုစိတ် ပေါ်နေတာကြာပြီ။ ဒါပေမဲ့ သူ့မှာ လှူစရာဝတ္ထုပစ္စည်းမရှိ။ တစ်ကိုယ်ရည်စားဖို့ပင် ရပ်ထဲရွာထဲ အလှူခံစားရသူအဖို့ လှူစရာ ဝတ္ထုပစ္စည်း ခက်ခဲနေတယ်။ မလှူဘဲလည်းမနေနိုင်အောင် ဖြစ်နေတော့၊ အလှူခံထွက်မယ်။ ရတဲ့ပစ္စည်းပေးလှူရင် ငါရော ပစ္စည်းရှင်ပါ ဒါနမြောက်ပြီပေါ့ဟုတွေးတယ်။ ဒါ့ကြောင့် တောင်ဝှေးတစ်ချောင်းကိုင်ပြီး တောလမ်းအတိုင်း ထွက်လာ တယ်။ တောင်ခြေမှာ ဆိတ်တစ်အုပ်ကျောင်းနေသူကိုတွေ့တော့ "တစ်ခုခုလှူလိုစိတ်ရှိသလား" လို့မေးလိုက်တယ်။ ထိုသူကလည်း အလှူခံပုဂ္ဂိုလ်များ အလှူခံရင် တစ်စုံတစ်ခုလှူဖို့စိတ်ကူးပေါက် နေတယ်။ ဒါပေမဲ့ လှူစရာဆိုလို့ သူ့မှာ ဆိတ်အုပ်ကလွဲပြီး

အခြားမရှိဘူး။ ဘာပဲဖြစ်ဖြစ် ဒီနေ့ အထမြောက်အောင်လှူမယ် လို့တွေးနေတုန်း ဦးသူတော်ကမေးလာတယ်။

"လှူချင်တာပေါ့။ တကယ့်ကို လှူချင်နေတာ"

"ဒါဆို သင်လည်းကုသိုလ်ရ ကျုပ်လည်းကုသိုလ်ရပြီ။ ကျုပ်မှာ လှူဖို့ဝတ္ထုပစ္စည်းမရှိဘူး။ သင့်မှာက ရှိနေတယ်။ သင့်ပစ္စည်းကို ငါက လှူပေးမယ်။ ဒါဆိုနှစ်ဦးနှစ်ဖက် အကျိုး ရရော"

"အကျိုးရတာတော့ ဟုတ်ပြီ။ ခက်တာက"

လှူဖွယ်ဝတ္ထုက ဆိတ်ဖြစ်နေလို့ စဉ်းစားတာကို သဒ္ဓါ စိတ်ပျက်သွားတယ်ထင်ပြီး ဦးသူတော်က တိုက်တွန်းတယ်။

"သင်ရဲ့လှူလိုတဲ့စိတ်က ပုဗ္ဗစေတနာ...အဲဒါ အထ မြောက်အောင်လှူရင် မုဉ္စစေတနာမြောက်ပြီ။ ဒီအလှူအထ မြောက်ရင် အပရ"

"နေဦး ဦးသူတော်ရဲ့။ ကျုပ်လှူမှာက ဟောဒီဆိတ်အုပ် ထဲက ဆိတ်တစ်ကောင်"

"ဟေ"

"ကျုပ်တို့ ကုသိုလ်ရဖို့ ဒီဆိတ်ကိုစတေးရင် တရားမျှတ ရာ ကျပါ့မလားလို့တွေးနေတာ"

"ဒါလည်းဟုတ်တယ်။ တစ်ခုတော့ရှိတာပဲ။ ဘုရား လောင်း ဝေသန္တရာမင်းဘဝက ဆင်ဖြူတော်လှူဖူးတယ်။

•——ဖျူးသော——•

အလောင်းတော်ကို ဆင်ဖြူတော်က ပါရမီဖြည့်တာ"

"ဒီလိုဆိုရင် ကျုပ်တို့ ပါရမီကို ဆိတ်က ဖြည့်ဆည်းမှာ ပေါ့"

"အဲဒီသဘောထားရင် စိတ်ပေါ့ပါးသွားတာပဲ"

ဆိတ်ပိုင်ရှင်က ယနေ့ဖြစ်နေတဲ့ လှူလိုစိတ် အထ မြောက်ဖို့ ဆိတ်တစ်ကောင် ဖမ်းလှူလိုက်တယ်။ ဦးသူတော်က လည်း သူ့ရည်မှန်းချက်မြောက်အောင် ဆိတ်ကိုခံယူခဲ့ပြီး လှူဒါန်းဖို့ ကျောပိုးပြီးထွက်လာတယ်"

အဲဒီအချိန်မှာ လူလိမ်သုံးယောက်ဟာ ဘယ်သူ့ကို ဘာအကြောင်းပြု လိမ်ရမလဲလို့ တိုင်ပင်နေကြတယ်။ ဆိတ် တစ်ကောင်ကို အပန်းတကြီးထမ်းလာတဲ့ ဦးသူတော်ကိုမြင်တော့ အကြံရသွားတယ်။

"ဟော့ ဟိုမှာကြည့်စမ်း။ ပညာမရှိတဲ့ အလိမ်ခံချင်သူ တစ်ယောက် လာနေပြီ"

"ဘယ်မှာလဲ။ ငါမြင်တာတော့ ဦးသူတော်ကိုပဲ တွေ့ တယ်"

"အဲဒါ ပညာမရှိတဲ့ ဦးသူတော်ပေါ့ကွ။ ကြည့်လေ။ ဆိတ်ကိုကြိုးနဲ့ချည်ဆွဲလာရင် ရရက်သားနဲ့ ပခုံးပေါ် အလေးခံ ထမ်းလာတာ အမြင်ပဲ"

"ဟုတ်တယ်။ အများက ပညာရှိသူတော်လို့ ပြောပေ

မယ့် တကယ်တော့ အနံ့အအပဲ။ ဒီပုဂ္ဂိုလ်မျိုး အလွယ်တကူ လိမ်လို့ရပြီ။ ဒီဆိတ်ကိုရရင် မဆလာနိုင်နိုင်နဲ့ ချက်စားကြမယ်"

"ဒါပေမဲ့။ ဘယ်သူအရင်သွားမလဲ။ ဦးသူတော်နဲ့တွေ့ရင် ဘယ်လိုပြောမလဲ"

"အဟဲဟဲဟဲ၊ လူလိပ်လူကောက်တွေမှာ လိမ်နည်း ညာနည်းတစ်ထောင်ရှိပါတယ်။ ဒီပုဂ္ဂိုလ်မျိုးလိမ်ရတာလောက် လွယ်တာ ဒီလူမျိုးပဲရှိတယ်။ စောင့်ကြည့်နေဉ်။ ငါလိမ်ပြမယ်"

လူလိမ်က သူ့ကို ရုတ်တရက် မမှတ်မိအောင် မြက် ဦးထုပ်ကြီးကို စိုက်ဆောင်းလိုက်တယ်။ လည်မှာ ပဝါပိုင်းနဲ့ ရစ်ပတ်ထားတယ်။ ပြီးတော့ နဂိုအသံကိုပြောင်းပြီး စကားဆို လိုက်တယ်။

"အို သူတော်စင်။ သင်ဘယ်လိုအတွေးနဲ့ မထိအပ်၊ မထိကောင်းတဲ့ ဒီခွေးဝဲစားကို ပခုံးပေါ်မှာ ထမ်းလာတာလဲ"

ဒီစကားကြားတော့ ဦးသူတော် ဒေါပွသွားတယ်။ ဆိတ် ကို ထမ်းပြီးလမ်းလျှောက်လာရတာက ပင်ပန်း၊ အဆန်းတကြယ် စကားနဲ့ မဟုတ်မဟတ်ပြောတော့...

"ဆိတ်တစ်ကောင်ထမ်းလာတာမြင်ရက်နဲ့ ခွေးလို့ပြော ရအောင် မင်းမျက်လုံးကန်းနေလား"

"ဘယ်ကလာဆိတ်ရမှာလဲ။ ခွေးမှခွေး။ ခွေးဗောင် ဝဝ ဖြိုးဖြိုးမဟုတ်ဘူး။ ဝဲစားခွေး။ ဘေးကအသာခေါ်လာရင် အမြီးနဲ့

လိုက်လာမည့်ခွေးကို ပခုံးထက် ထမ်းလာရတယ်လို့ ကြုံဖူးပါဘူး"

လူလိမ်လူကောက်စကားကြားတော့ ဦးသူတော် ရပ်ပြီး အတန်ကြာ စဉ်းစားတယ်။ သူ့ကို ဆိတ်ပိုင်ရှင်လှူလိုက်တာ ဆိတ်မှဆိတ်အစစ်။ လိုက်ဖမ်းတုန်းက ပဲ...ပဲ....ပဲလို့ ကြောက်အားလန့်အား အော်သေးတယ်။ ဒါကို ခွေးပါလို့ပြောတော့ စိတ်ပျက်သွားတယ်။ ပခုံးပေါ်ရောက်မှ ဆိတ်စင်စစ်က ခွေးဖြစ်သွားလေရော့သလားလို့ တွေးမိတယ်။ ဒါပေမဲ့ ဦးသူတော်ဟာ ဆိတ်ကိုထမ်းပြီး ခရီးဆက်ခဲ့တယ်။

လယ်နှစ်ကွက်သာသာလောက်အရောက်မှာ ဒုတိယ လူလိမ်က အသင့်စောင့်နေတယ်။ ဦးသူတော်က ပတ်ဝန်းကျင် ကို သတိမထားလေဟန်နှင့် ဆက်လျှောက်ခဲ့တယ်။

"ဟော သူတော်စင်ကြီး ဘယ်လိုဖြစ်လာတာလဲ။ ခင်ဗျား ကို သူတော်ကောင်းဆိုပြီး လူတွေလေးစားနေတာ။ ခုတော့ ဆိတ်သက်ပြီးရောင်းစားဖို့အကြံနဲ့ ထမ်းလာတာလား"

ဦးသူတော်ရဲ့ လှမ်းနေတဲ့ခြေအစုံဟာ ကြိုးနဲ့တုပ်ပြီး ဆောင့်ဆွဲခံရသလို တန့်သွားတယ်။ သူ အလှူခံလာတဲ့ဆိတ်က အရှင်...တပဲပဲနဲ့အော်နေလို့တောင် ပါးစပ်ပိတ်ထားရသေးတယ်။ ဒီဆိတ်က သူ့ပခုံးပေါ်ရောက်မှ သေသွားပြီလားလို့ တွေးပါတယ်။

"ဘာကွ။ မင်းမျက်လုံးကန်းနေလား။ ဒါဆိတ်အရှင်ကွ။ အရှင်...အရှင် ဘယ်ကအသေရမှာလည်း"

လူလိမ်လူကောက်က ဦးသူတော်ကိုကြည့်ပြီး စိတ်ပျက်လေဟန်နဲ့ခေါင်းခါရမ်းသွားတယ်။ လူလိမ်ကို ကန်းနေလားလို့ ပိုးစိုးပက်စက်အော်ဟစ်ခဲ့ပေမဲ့ သူထမ်းလာတဲ့ဆိတ်က သေနေပြီလားလို့ထင်ပြီး တွဲလွဲကျနေတယ်။ ဆိတ်မှတ်ဆိတ်ကိုဆောင့်ဆွဲလိုက်တယ်။ ဆိတ်က နာကျင်ပြီး ပဲ...ပဲ...ပဲနဲ့ထအော်မှ အသေမဟုတ်ဘူး။ အရှင်ပါလို့ မှတ်ချက်ချတယ်။

ဦးသူတော်ဟာဆိတ်ကိုထမ်းပြီး ခရီးဆက်ခဲ့ပြန်တယ်။ ခပ်လှမ်းလှမ်းလျှောက်တဲ့အခါ ရုပ်ပြောင်းရက်လွဲလုပ်ထားတဲ့ လူလိမ်တစ်ယောက်က အသင့်စောင့်နေတယ်။

"ဖြစ်မှဖြစ်ရလေဗျာ။ ဦးသူတော်လို သူတော်စင်က ဘာစိတ်ကူးပေါက်ပြီး မြည်းကို ပခုံးနဲ့ထမ်းလာတာလဲ။ မြည်းဆိုတာ စီးရတာဗျ။ တော်တော်ခက်တာကိုး။ ဒီလောက်ညစ်ပတ်တဲ့မြည်းကို ပခုံးပေါ်ထမ်းလာမှတော့ ဦးသူတော်တစ်ကိုယ်လုံးနံစော်နေပြီပေါ့"

တတိယလူလိမ်ရဲ့ လှည့်စားမှုကို ဦးသူတော်မခံနိုင်တော့ဘူး။ ပထမလူနဲ့တွေ့တုန်းက ဆိတ်ထမ်းလာတာကို ခွေးဝဲစားထမ်းလာတယ်လို့ပြောတယ်။ ဒုတိယလူနဲ့တွေ့တော့ ဆိတ်အသေကောင်လို့ပြောတယ်။ တတိယလူနဲ့တွေ့တော့ မြည်းလို့ပြောတယ်။ ပခုံးပေါ်ထမ်းလာတဲ့ဆိတ်ဟာ အမျိုးမျိုးပြောင်းလဲမြင်နေတာက မရိုးသားဘူးလို့ထင်တယ်။ ကာယကံရှင်က

ဆိတ်လှူတာ မှန်ကောင်းမှန်မယ်။ ဒါပေမဲ့ အဲဒီဆိတ်ကို နာနာဘာဝတွေကပ်ပြီး အသွင်တွေပြောင်းလဲသလား။ တစ်ခုခုပယောဂယဝင်ပူးနေတာလားလို့ တွေးလားတယ်။ ဒီလို မသန့်စင်တဲ့အလှူကို လှူဖို့မသင့်တော့ဘူးဆိုပြီး ပခုံးပေါ်ကဆိတ်ကိုအောက်ချပြီး လွှတ်ပေးလိုက်တယ်။ ဆိတ်လေးက ပဲ...ပဲ...ပဲနဲ့အော်ပြီး ရွာထဲဝင်ပြေးတယ်။ အဲဒီအခြေအနေကို ကြိုတင်တွက်ဆထားတဲ့ လူလိမ်သုံးယောက်က ဆိတ်ကို ဖမ်းပြီး ချက်စားလိုက်ကြတယ်။

ကလေးတို့ရေ . . .

ပညာရှင်ပုဂ္ဂိုလ်ပင်ဖြစ်စေ လူလိမ်လူကောက်တို့က ပိပိရိရိနဲ့လှည့်စားရင် သတိကင်းပြီး အလိမ်အကောက်ခံရတတ်တယ်။ တစ်ဖက်သားရဲ့ ကောက်ကျစ်လိမ်ညာမှုကိုမခံရအောင်အစဉ်သတိရှိရှိနဲ့ ဆင်ခြင်ဉာဏ်သုံးဖို့ ပြောပါရစေလားကွယ်။

—ရှုမငြီး—

## လောဘကြီးသူရဲ့နိဂုံး

ကလေးတို့ရေ ဒီတစ်ခါလောဘကြီးသူတွေ လောဘကြောင့် ပျက်စီးတတ်တဲ့အကြောင်း ပြောပြမယ်။ လူဆိုတာ တပ်မက်တဲ့စိတ်ရှိတော့ မက်မောတတ်ကြတာပဲ။ ငွေတစ်ရာရှိတဲ့လူက တစ်ထောင်လိုချင်တယ်။ တစ်ထောင်ရှိပြန်တော့ တစ်သောင်းတစ်သိန်းလိုချင်ပြန်ရော။ ကျိကျိတက်ချမ်းသာသူကလည်း လက်ရှိအခြေအနေထက် ချမ်းသာတာကို လိုချင်တယ်။ အရာရှိပေါက်စက အရာရှိကြီးဖြစ်ချင်တယ်။ မြို့စားက နယ်စားဖြစ်ချင်တယ်။ မင်းညီမင်းသားက ဘုရင်ဖြစ်ချင်တယ်။ လူတို့အထွတ်အထိပ်မင်းဖြစ်တော့ လိုချင်စိတ်ရပ်ပလား။ ဘယ်ရပ်မလဲ။ စကြာဝတေးမန္တတ်မင်း ဖြစ်ချင်တယ်။ အဲဒါ လူ့သဘာဝ။ အတိုင်းအဆလိုချင်စိတ်များရင် အဲဒီလောဘကြောင့် ပျက်စီးတတ်တယ်။ အသက်ပင်ဆုံးရှုံးရတတ်တယ်။ ဒါနဲ့ပတ်သက်ပြီး

မှတ်သားစရာ ပုံပြင်လေး ပြောပြမယ်။

တစ်ခါက တောရွာတစ်ရွာမှာ လယ်သမားတစ်ဦး ရှိတယ်။ အင်မတန်ရိုးသားတဲ့ လယ်သမားပေါ့။ သူ့နာမည်က ကိုဖိုးလုံးတဲ့။ ဇနီးမယားက မမယ်အုံးတဲ့။ သူတို့ဟာ ရိုးမတောကြီးရဲ့ တောင်စွယ်တစ်ခုမှာ တဲထိုးပြီးနေတယ်။

ကိုဖိုးလုံးက ကြိုးကြိုးစားစား ရိုးရိုးသားသား လုပ်ကိုင်စားပေမဲ့ ကံကမလိုက်တော့ မိုးကခေါင်။ သီးနှံတွေကပျက်တော့ ဝမ်းစာတောင် အနိုင်နိုင်ပဲ။ လယ်လုပ်ပြီး ထမင်းတောင် ဝဝလင်လင် မစားရတော့ စိတ်ပျက်နေတယ်။

တစ်နေ့တော့ ခြောက်သယောင်းနေတဲ့ လယ်ကွင်းကြီးကို ငေးကြည့်ရင်း သစ်ပင်အောက်မှာ ထိုင်မှိုင်နေတယ်။ သစ်ပင်ကိုမှီပြီး တောင်တွေးမြောက်တွေးရင်း အိပ်ပျော်သွားတာ ဘယ်လောက်ကြာသွားတယ် မသိဘူး။ အိပ်ရာကနိုးတော့ တောင်ပို့တစ်ခုပေါ်မှာ ပါးပြင်ထောင်ပြီးကြည့်နေတဲ့ မြွေတစ်ကောင်တွေ့တော့ ထိတ်ခနဲ လန့်သွားတယ်။ ဒါနဲ့ ပါးပြင်ထောင်နေတဲ့မြွေကိုငေးကြည့်ရင်း။ အင်း ဒီမြွေဟာ သာမန်မြွေ မဖြစ်လောက်ဘူး။ ဒီလယ်ကိုစောင့်တဲ့ မြွေဖြစ်မယ်။ အစောင့်ရှိမှန်း မသိလို့ ငါက မပူဇော်မိဘူး။ မပူဇော်တော့ ဘာလုပ်လုပ် အလုပ်မဖြစ်ဘဲ အပျက်အစီးများနေတာဖြစ်မယ်လို့ တွေးလိုက်တယ်။ ဒါနဲ့ နောက်တစ်နေ့ကျတော့ ခွက်တစ်လုံးထဲမှာ နို့ထည့်

လာ။ မြေထွက်လာတဲ့တောင်ပို့မှာ သွားတင်တယ်။

"အိုး လယ်စောင့်နတ်မင်းကြီး ကျွန်ုပ်ဟာ မလိမ္မာလို့ မိုက်မဲတွေဝေလို့ အရှင်နတ်မင်းကြီးကို မပူဇော်မိပါဘူး။ ဒီအတွက် ခွင့်လွှတ်ပါ။ ဒီနေ့ကစပြီး မပျက်မကွက် ပေးလှူပါမယ်။ ကျွန်ုပ်ကိုလည်း မ,စပါ။

ရိုးသားတဲ့ကိုဖိုးလုံးဟာ မိုးခေါင်လို့ စပါးမထွက်တာကို နတ်မင်းကြီးက အပြစ်ဒဏ်ခတ်တယ်ထင်ပြီး ပူဇော်ပသတယ်။ မြွေကို ပူဇော်ပ,သတာလည်း အကျိုးမယုတ်ပါဘူး။ နောက်တစ်နေ့ နို့ကပ်ဖို့ ပန်းကန်သွားယူတဲ့အခါ ပန်းကန်ထဲမှာ နို့ကုန်နေပြီ။ နို့အစား ရွှေဒင်္ဂါးတစ်ပြား ရောက်နေတယ်။

ကလေးတို့ရေ ကိုဖိုးလုံး ဘယ်လောက်ဝမ်းသားသွားမလဲ တွေးကြည့်စမ်း။ လုပ်ငန်းအဆင်မပြေလို့ စားရေးသောက်ရေး ခက်ခဲနေတယ်။ ဒီအကြောင်းကို ဇနီးမယားဖြစ်တဲ့ မမယ်အုံးကို ပြောပြမယ်လို့ စိတ်ကူးတယ်။ ဒါပေမဲ့ မိန်းမသားဆိုတာ ကြွားချင်တယ်။ စကားကားချင်တယ်။ ဒီအကြောင်းကိုပြောပြရင် ရပ်ပေါ်ရွာကျော် ဖြစ်အောင်လုပ်ရင် အန္တရာယ်များမယ်ဆိုပြီး ဖွင့်မပြောဘူး။ နတ်မင်းကြီးကိုတော့ နေ့စဉ်ဝတ်မပျက် နို့ဆက်တယ်။ နို့ဆက်တိုင်းဆက်တိုင်း ရွှေဒင်္ဂါးတစ်ပြားတစ်ပြား အမြဲရနေတော့ ယုံကြည်လာတာပေါ့။

ဒီလိုနဲ့ တစ်နေ့ကျတော့ အကြောင်းကိစ္စတစ်ခုနဲ့ ခရီး

သွားတော့ ရွှေဒင်္ဂါးတစ်ပြား ခွက်ထဲမှာတွေ့တော့ ထခုန်မိမတတ် ဝမ်းသာမိတယ်။ ဝမ်းသာရုံနဲ့မရပ်သေးဘူး။ ဒီလိုရွှေဒင်္ဂါးတစ်ပြား တစ်ပြား ပေးနိုင်တယ်ဆိုရင် နတ်မြွေနေတဲ့ တောင်ပို့ထဲမှာ ရွှေအိုးကြီးရှိလိမ့်မည်လို့ တွက်လိုက်တယ်။ ဒီအတွေးရလိုက်တာနဲ့ တစ်နေ့ ရွှေဒင်္ဂါးတစ်ပြားရနေတာကို မတင်းတိမ်နိုင်ဘူး။ အကယ်၍ ရွှေဒင်္ဂါးထည့်တဲ့အိုးကို ဖော်ယူနိုင်ရင်ဆိုတဲ့အတွေး ဝင်လာတယ်။ အဲဒီလောဘစိတ်နဲ့ မြွေကိုသတ်ပြီး ရွှေအိုးကို ဖော်ယူဖို့စဉ်းစားလိုက်တယ်။

နောက်နေ့ကျတော့ မမယ်အုံးဟာ တောင်ပို့ဆီစောစော သွားတယ်။ နို့ကိုဆက်တယ်။ လယ်စောင့်နတ်မြွေက နို့သောက်ဖို့ ထွက်အလာမှာ အသင့်ဖွက်ယူလာတဲ့ တုတ်နဲ့မြွေကို ရိုက်ချလိုက်တယ်။ လောဘစိတ်၊ ဒေါသစိတ်၊ စိုးရိမ်စိတ်တွေနဲ့ သတ်ဖို့ ကြိုးစားတော့ ချက်ကောင်းကို မထိလိုက်ဘူး။ ဒီအခါ မြွေက မမယ်အုံးရဲ့မျက်နှာကို ပေါက်ချလိုက်တော့ တစ်ခါတည်းနဲ့သေပါ လေရော။

ကလေးတို့ရေ လောဘစိတ်ဟာ မကောင်းမှုအကုသိုလ် တရား ဖြစ်စေပါတယ်။ တစ်နေ့ ရွှေပြားတစ်ပြားရတာကို မတင်းတိမ်နိုင်ဘဲ လောဘစောတက်မိတဲ့ မမယ်အုံးဟာ လောဘကြောင့် ဘဝဆုံးရတယ်။ ကလေးတို့ဆင်ခြင်နိုင်အောင် ပြောပြတာပါ။ ဝိသမလောဘစိတ် မထားကြနဲ့ ကလေးတို့ရေ။

သွားတော့ ရွှေဒင်္ဂါးတစ်ပြား ခွက်ထဲမှာတွေ့တော့ ထခုန်မိမတတ် ဝမ်းသာမိတယ်။ ဝမ်းသာရုံနဲ့မရပ်သေးဘူး။ ဒီလိုရွှေဒင်္ဂါးတစ်ပြား တစ်ပြား ပေးနိုင်တယ်ဆိုရင် နတ်မြွေနေတဲ့ တောင်ပို့ထဲမှာ ရွှေအိုးကြီးရှိလိမ့်မည်လို့ တွက်လိုက်တယ်။ ဒီအတွေးရလိုက်တာနဲ့ တစ်နေ့ ရွှေဒင်္ဂါးတစ်ပြားရနေတာကို မတင်းတိမ်နိုင်ဘူး။ အကယ်၍ ရွှေဒင်္ဂါးထည့်တဲ့အိုးကို ဖော်ယူနိုင်ရင်ဆိုတဲ့အတွေး ဝင်လာတယ်။ အဲဒီလောဘစိတ်နဲ့ မြွေကိုသတ်ပြီး ရွှေအိုးကို ဖော်ယူဖို့စဉ်းစားလိုက်တယ်။

နောက်နေ့ကျတော့ မမယ်အုံးဟာ တောင်ပို့ဆီစောစော သွားတယ်။ နို့ကိုဆက်တယ်။ လယ်စောင့်နတ်မြွေက နို့သောက်ဖို့ ထွက်အလာမှာ အသင့်ဖွက်ယူလာတဲ့ တုတ်နဲ့မြွေကို ရိုက်ချလိုက်တယ်။ လောဘစိတ်၊ ဒေါသစိတ်၊ စိုးရိမ်စိတ်တွေနဲ့ သတ်ဖို့ ကြိုးစားတော့ ချက်ကောင်းကို မထိလိုက်ဘူး။ ဒီအခါ မြွေက မမယ်အုံးရဲ့မျက်နှာကို ပေါက်ချလိုက်တော့ တစ်ခါတည်းနဲ့သေပါ လေရော။

ကလေးတို့ရေ လောဘစိတ်ဟာ မကောင်းမှုအကုသိုလ် တရား ဖြစ်စေပါတယ်။ တစ်နေ့ ရွှေပြားတစ်ပြားရတာကို မတင်းတိမ်နိုင်ဘဲ လောဘစောတက်မိတဲ့ မမယ်အုံးဟာ လောဘကြောင့် ဘဝဆုံးရတယ်။ ကလေးတို့ဆင်ခြင်နိုင်အောင် ပြောပြတာပါ။ ဝိသမလောဘစိတ် မထားကြနဲ့ ကလေးတို့ရေ။

# ရန်လိုလျှင် ရန်ပို

ကလေးတို့ရေ တစ်ဖက်သားအပေါ်မှာ မနာလို ဝန်တိုစိတ် မမွေးသင့်ဘူးကွဲ့။ ဝန်တိုစိတ်ကင်းပြီး မေတ္တာစိတ် မွေးမှ တစ်ဖက်သားရဲ့ တုံ့ပြန်တဲ့မေတ္တာဓာတ်ရရှိမယ်။ ရန်လိုရင် ရန်ပိုလာတတ်တာ သဘာဝပါပဲ။ အမှန်ကတော့ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာ ပေါင်းသင်းနေထိုင်ကြတာ ကောင်းပါတယ်။ တုတ်ကိုတုတ်ချင်း၊ ဓားကိုဓားချင်း တုံ့ပြန်မယ် ဆိုတဲ့ အယူအဆ ရှတ်တရက်တွေးရင်တော့ ရဲရင့်ထက်မြက် သလိုလို မြွေပွေးစိတ်ရှိလို့ ကောင်းသလိုလိုထင်ရပေမဲ့ လက်စား ချေဝါဒဟာ ရန်များစေပါတယ်။ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့တော့ ရန်သူကို မိတ်ဆွေပြုပြီး ရန်လိုသူကို မေတ္တာနဲ့တုံ့ပြန်ခြင်းဟာ အကောင်းဆုံး အနိုင်ယူခြင်းပါ။ ရန်မလိုမှ ရန်ပြိုသတဲ့။ ဒါနဲ့ ပတ်သက်ပြီး ပုံပြင်လေးတစ်ခု ပြောပြမည်။

ဟိုးရှေးရှေးတုန်းက သုဝဏ္ဏလို့ခေါ်တဲ့ ရွှေနိုင်ငံကြီး

ရှိသကွဲ။ ဘယ်အရပ် ဘယ်ဒေသ ဘယ်တိုင်းပြည်မှာမှ မမြင်ဖူးတဲ့ ရွှေသားအတိပြီးတဲ့ နန်းတော်ပြသဒ်ကြီးတွေ ရွှေသားအတိနဲ့ ထုလုပ်ကိုးကွယ်ထားတဲ့ ဗုဒ္ဓရုပ်ပွားတော်တွေ စေတီပုထိုးတော်ကြီးတွေကလည်း အံ့မခန်းရှိပေသတဲ့။ ရွှေနိုင်ငံဆိုတဲ့ အမည်သညာနဲ့အညီ ချမ်းသားကြွယ်ဝသတဲ့။

ဟိုးရှေးရှေးတုန်းက သုဝဏ္ဏလို့ခေါ်တဲ့ ရွှေနိုင်ငံကြီးရှိသကွဲ။ အဲဒီရွှေနိုင်ငံကိုအုပ်ချုပ်တဲ့ မင်းကြီးကတော့ သုဝဏ္ဏရာဇာလို့ခေါ်သကွဲ။

အဲဒီ သုဝဏ္ဏမြို့ကြီးဟာ အလွန်အင်မတန်မှ ခမ်းနားတယ်။ ဘယ်အရပ် ဘယ်ဒေသ ဘယ်တိုင်းပြည်မှာမှ မမြင်ဖူးတဲ့ ရွှေသားအတိပြီးတဲ့ နန်းတော်ပြသဒ်ကြီးတွေ ရွှေသားအတိနဲ့ ထုလုပ်ကိုးကွယ်ထားတဲ့ ဗုဒ္ဓရုပ်ပွားတော်တွေ စေတီပုထိုးတော်ကြီးတွေကလည်း အံ့မခန်းရှိပေသတဲ့။ ရွှေနိုင်ငံဆိုတဲ့ အမည်သညာနဲ့အညီ ချမ်းသာကြွယ်ဝသတဲ့။

အဲဒီလို ဘာကြောင့်ကြွယ်ဝတာလဲ။ စပါးကောက်နှံတွေကောင်းလို့လား။ သယံဇာတပစ္စည်းတွေထွက်လို့ ပြည်သူတွေမကြောင့်မကြနေနိုင်ကြတာလည်း အမှန်ပါ။ ဒါပေမဲ့ အဲဒီလိုချမ်းသာမှုရဲ့ အဓိကအကြောင်းရင်းက ရွှေဟင်္သာငှက်တွေကနှစ်စဉ် ရွှေအတောင်းတွေ ခြွေချပေးလို့ပါပဲ။

ဒီလိုကွဲ့ ကလေးတို့ရဲ့ . . .

ဏ္ဍဃေသာ

သုဝဏ္ဏရာဇာမင်းရဲ့ နန်းတော်နဲ့မနီးမဝေးမှာ မင်းဥယျာဉ်တော်ရှိတယ်။ သစ်သီးဝလံပန်းမာလာမျိုးစုံရှိတဲ့ ဘုရင့်ဥယျာဉ်တော်ပေါ့။ မင်းမိဖုရားနဲ့ နန်းတွင်းသူတွေ ပျော်ပါးကစားလေ့ရှိတဲ့ ဥယျာဉ်ထဲမှာ ရေကန်ကြီးတစ်ကန်ရှိတယ်။ ချိုမြိန်တဲ့ ကြာပတ်၊ ကြာဝတ်မှုန်၊ ကြာဝတ်ရည်တို့ကို မှီဝဲပျော်ပါးနေတဲ့ ရွှေဟင်္သာငှက်တွေလည်း ရှိတယ်။ အဲဒီရွှေဟင်္သာငှက်တွေဟာ ဟိုးဝေးလံတဲ့ ဟိမဝန္တာတောင်တန်းကြီးက ပျံလာတာပါ။ အစကတော့ ယာယီသဘော လာကြတာထင်ပါရဲ့။ ဒါပေမဲ့ နေရေးထိုင်ရေး စားရေးသောက်ရေးအဆင်ပြေတော့ မင်း ရေကန်မှာ အမြဲတမ်း အမှီအခိုပြုနေတာ ထင်ပါတယ်။ ဒီလောက်များပြားတဲ့ ရွှေဟင်္သာငှက်တွေနေနိုင်အောင် သဘာဝ ကဖန်တီးထားသလို မင်းကြီးကလည်း ပြုပြင်ပေးတော့ ရွှေဟင်္သာငှက်တွေက လျော့မသွားဘဲ တိုးသထက်တိုးလာတယ်။ အဲဒီရွှေဟင်္သာငှက်တွေက တစ်နှစ်တစ်ခါ အမွေးအတောင်တွေ လဲတယ်။ အမွေးဟောင်းတွေခါချရင် ရွှေသားအစစ်နဲ့ပြီးတဲ့ အတောင်တွေက တဖြည်းဖြည်း ရွှေရောင်ပြောင်းလာပြီး ဇမ္ဗူရစ် ရွှေနှစ်နှယ် ရွှေရောင်အတောင်တွေ ဖြစ်လာချိန်မှာတစ်ခါ အမွေး လဲလှယ်ပြန်တယ်။ သုဝဏ္ဏရာဇာမင်းကြီးက ဒီလိုနည်းနဲ့ ရွှေစင် ရွှေသားတွေရပြီး ချမ်းသာကြွယ်ဝနေတာပေါ့ကွယ်။

ကလေးတို့ရေ ရွှေဟင်္သာငှက်တွေက တစ်နှစ်တစ်ခါ

ရွှေသားအတောင်တွေ ခြွေချပေးသလို ဘုရင်ကြီးကလည်း ရွှေဟင်္သာငှက်တွေ ဘေးကင်းရန်ရှင်းနေနိုင်အောင် အစာရေစာ မချို့တဲ့အောင် ဖန်တီးပေးရတယ်။ နှစ်ဦးနှစ်ဖက်အပြန်အလှန် အကျိုးပြုပြီး ချမ်းမြေ့စွာနေလာကြတယ်။ အေး … ပျက်စီးချိန် တန်တော့ အကြောင်းတွေက ဖန်လာတယ်။ အဲဒီ ရွှေဟင်္သာ တွေ နေတဲ့ရေကန်ကြီးဆီကို ရွှေငှက်ကြီးတစ်ကောင်က ရောက် လာတယ်။ ရွှေရောင်အဆင်းကြီးတဲ့ ရွှေငှက်ကြီးက ကိုယ်လုံး ကိုယ်ထည်ကလည်း ကြီးတယ်။ အမွေးအတောင်ကလည်း များတယ်။ ရွှေငှက်ကြီးတစ်ကောင်ဆိုရင် ရွှေဟင်္သာငှက် ငါး ကောင်လောက်နဲ့ ညီမျှတယ်။ ပြောရရင် ရွှေရောင်အမွေးတွေ ပိုပေးနိုင်တဲ့ အင်အားရှိတာပေါ့။

ရွှေငှက်ကြီးရောက်လာချိန်မှာ ရွှေဟင်္သာငှက်တွေက ဒီငှက်ကြီးကို သူတို့နေတဲ့ရေကန်မှာ မနေစေချင်ဘူး။ ရွှေငှက် ကြီးရောက်လာလို့ သူတို့ဘုံပျောက်မှာ။ ကျွေးမွေးထောက်ပံ့မှု လျော့နည်းသွားမှာမလိုလားဘူး။ ဒါနဲ့ ရွှေဟင်္သာတွေ စုရုံးသွားပြီး အရေးဆိုတယ်။

"အသင်ရွှေငှက် သင်ဒီမှာမနေပါနဲ့။ ဒီရေကန်ဟာ ကျုပ်တို့အဖို့ အခပေးနေတဲ့ရေကန်ပါ"

"ဘယ်လို အဖိုးအခ ပေးနေတယ်"

"အမှန်ပါ။ ဘုရင်ကြီးကို ရွှေရောင်အတောင်တွေ နှစ်စဉ်

ပေးနေတာ။ ဒါကြောင့် သင်နေခွင့်မရှိဘူး"

ရွှေငှက်ကြီးလာနေတာကို ရန်လိုစိတ်နဲ့တားမြစ်တယ်။ မနေနိုင်အောင် ပြုကျင့်တယ်။ အစက ရန်သူလို သဘောမထားပေမဲ့ ရွှေဟသာငှက်တို့ရဲ့ ဆက်ဆံရေးညံ့ဖျင်းမှုကြောင့် ရန်သူလို သဘောထားတယ်။ ငါမနေရရင် သင်တို့လည်း မနေနိုင်အောင် ကြံမယ်ဆိုပြီး ရွှေငှက်ကြီးက ဘုရင်မင်းကြီးထံလည်း လီဆယ် လျှောက်တယ်။

"အရှင်မင်းကြီး ဒီရေကန်ဟာ မင်းကြီးရေကန် မဟုတ်ဘူး။ မင်းကြီးနဲ့ ဘာမှမပတ်သက်ဘူး။ မင်းကြီးလည်း သူတို့ ခွင့်ပြုလို့ လာခွင့်ရတာ။ သူတို့က မလာရဘူးဆိုရင် လာလို့မရဘူး"

ဒီစကားကြားတော့ မင်းကြီးက ဒေါပွသွားတယ်။ ငါ့ရေကန်မှာနေပြီး ငါ့ကို စော်ကားတယ်ဆိုပြီး ရွှေဟသာငှက်တွေကို သုတ်သင်ဖို့ စစ်သည်တော်တွေ လွှတ်လိုက်တယ်။ လေးမြားတုတ်ဓားတွေကိုင်ထားတဲ့ စစ်သားတွေလာတာမြင်တော့ ရွှေဟသာငှက်တွေက သူတို့အခြေအနေကို ရိပ်စားမိတယ်။ ဒါကြောင့် မနေဝံ့တော့ဘဲ ဝေးရာအရပ်ကို ပျံသွားရတယ်။ ရန်လိုတော့ ရန်ပိုတာပေါ့ကွယ်။ တကယ်ဆိုရင် ရွှေငှက်ကြီးကို ရန်မပြုဘဲ တစ်ဦးနဲ့တစ်ဦး ငြိမ်းချမ်းစွာနေရင် အခုလို ရန်များစရာအကြောင်း မရှိဘူးပေါ့။ ဒါကြောင့် ကလေးတို့လည်း မေတ္တာစိတ်နဲ့ ဆက်ဆံကြပါလို့ ပြောပါရစေလားကွယ်။

—ပြုံးသော—

## လျှို့ဝှက်ချက်

ကလေးတို့ရေ လျှို့ဝှက်အပ်တဲ့အရာကို လျှို့ဝှက်ရမယ်ကွဲ့ နော်။ လျှို့ဝှက်သင့်တာ မလျှို့ဝှက်ရင် အန္တရာယ်များတယ်။ တိုင်းပြည်အနေနဲ့ လျှို့ဝှက်ထားသင့်တဲ့အချက် မလျှို့ဝှက်ရင် တစ်ဖက်က မသိသင့်တာတွေ သိသွားမယ်။ ကိုယ့်အားနည်းချက် အားသာချက်ကြည့်ပြီး ကျူးကျော်ရင် နိုင်ငံဆုံးရှုံးသွားမယ်။ တို့မြန်မာနိုင်ငံဟာ အင်္ဂလိပ်နယ်ချဲ့ရဲ့ ကိုလိုနီကျွန်အဖြစ် ကျရောက်စေတဲ့အချက်ထဲမှာ ဒီအချက်လည်း ပါတယ်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းမင်းတွေဟာ ထီးနန်းလုရင်း စည်းရုံးမှုပြိုကွဲတယ်။ အချင်းချင်းအဝေမတည့်တော့ ကိုယ့်လျှို့ဝှက်ချက်တွေ ထုတ်ဖော်ပြောဆိုတယ်။ ဒီအခါ အားနည်းချက်တွေသိပြီး အလွယ်တကူ သိမ်းပိုက်တော့ တို့များကျွန်ဖြစ်ရတယ်။ တိုင်းပြည်မှာ လျှို့ဝှက်အပ်တာ လျှို့ဝှက်ရသလို လူတွေမှာလည်း လျှို့ဝှက်အပ်တာ

လျှို့ဝှက်ဖို့လိုတယ်နော်။ ကိုင်း ဒါနဲ့ပတ်သက်တဲ့ အကြောင်းအရာလေး ပြောပြမယ်။ နားထောင်ကြနော်။

ဟိုးရှေးရှေးက တိုင်းပြည်တစ်ပြည်ရှိသကွဲ့။ အဲဒီတိုင်းပြည်ကို ဒိဗ္ဗရာဇာဆိုတဲ့မင်းကြီး အုပ်ချုပ်တယ်။ အဲဒီမင်းကြီးမှာ ရုပ်ဆင်းလှတဲ့ သားတော်တစ်ပါးရှိတယ်။ ကုမာရရာဇာတဲ့။ ဒီမင်းသားလေးဟာ နောင်တစ်ချိန်မှာ မင်းဖြစ်ဖို့ အခွင့်အရေးရှိသူပေါ့။

တစ်နေ့ မင်းသားလေးတစ်ပါးတည်း စက်တော်ခေါ်နေချိန်မှာ မြွေတစ်ကောင်ရောက်လပြီး မင်းသားလေးဝမ်းထဲဝင်သွားတယ်။ ဝမ်းဗိုက်ကို တွင်းအမှတ်ပြုပြီး မြွေကနေတယ်။ မြွေဟာ မင်းသားလေးဝမ်းထဲ ရောက်ချိန်ကစပြီး အမျိုးမျိုးနှိပ်စက်လို့ မင်းသားလေးမှာ ဝေဒနာခံစားရတယ်။ သမားတော်တွေနဲ့ အမျိုးမျိုးကုသပေမယ့် ရောဂါက သက်သာလာခြင်းမရှိဘဲ တဖြည်းဖြည်း ပိန်ချုံးလာတယ်။ ရုပ်အဆင်းတွေက ပြိုပျက်လာတယ်။ မင်းသားလေးဟာ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ပြီး နန်းတော်က ထွက်သွားတယ်။ တခြားတစ်ပါးတိုင်းပြည်မှာ ဆင်းရဲသားအသွင်နဲ့ လှည့်လည်သွားလာနေတယ်။ သေမထူးနေမထူးဘဝလို့ စိတ်မွေးပြီး စရပ်တစ်ခုမှာ အမှီပြုနေသတဲ့။

ကလေးတို့ရေ မင်းသားလေးရောက်သွားတဲ့ တိုင်းပြည်က ဘောဂဝတီတဲ့။ အဲဒီ ဘောဂဝတီတိုင်းပြည်ရဲ့ ဘုရင်က

စိတ္တရာဇာတဲ့ကွဲ။ အဲဒီ စိတ္တရာဇာဘုရင်ကြီးမှာ အင်မတန်ချော အင်မတန်လှတဲ့ သမီးပျိုနှစ်ပါးရှိတယ်။ မင်းသမီး အကြီးက စကားပရိယာယ်ကြွယ်ဝတယ်။ နှစ်လိုတဲ့စကားကို ပြောတတ်တယ်။ သမီးငယ်လေးကတော့ စကားတည်ကြည်တယ်။ အမှန် အကန်စကားကိုပဲ ပြောတတ်တယ်။

တစ်နေ့တော့ သမီးတော်နှစ်ပါးက ခမည်းတော်ဘုရင်း အပါး ချဉ်းကပ်တဲ့အခါ ဘုရင်ကြီးက "မင်္ဂလာပါသမီးတော်တို့လို့ နှုတ်ဆက်တယ်။ ဒီအခါ စကားအရာ လိမ္မာပါးနပ်တဲ့ သမီးတော် ကြီးက "မင်္ဂလာပါခမည်းတော် ခမည်းတော်မင်းကြီး သက်တော် ရာကျော်ရှည်စေကြောင်း ဆုတောင်းပါတယ်။ မင်းကြီးရဲ့ကျေးဇူး ကြောင့် ပြည်သူပြည်သားများ စိတ်ချမ်းသာကိုယ်ကျန်းမာ ရှိပါပေ တယ်။ ဒါကြောင့် ပြည်သူတွေက သက်တော်ရှည်ကြောင်း ဆုတောင်းပါတယ်"လို့ စကားဝေဝေဆာဆာနဲ့ လျှောက်ထား တယ်။ မင်းသမီးရဲ့စကားဟာ ရှိသင့်ရှိအပ်တာထက် ပိုတယ်။ နှစ်သက်အောင် ပြောဆိုတယ်ဆိုတာ အားလုံးက သိကြတယ်။ ဘုရင်ကြီးကိုယ်တိုင်လည်း သိတယ်။ မြှောက်ပင့်ပြောဆိုမှန်း သိပေမဲ့ မင်းကြီးက သဘောကျတယ်။ ဒါကြောင့် ဆုလာဘ်တွေ ချီးမြှင့်တယ်။ ဒါနဲ့ မင်းကြီးက ဒုတိယသမီးတော်ကို "မင်္ဂလာပါ သမီးတော်လေး မင်းကရော ခမည်းတော်အတွက် ဘယ်လို ဆုတောင်းပေးဦးမလ။ ကျန်းမာစေကြောင်း ချမ်းသာစေကြောင်း

ဆုတောင်းမပေးတော့ဘူးလား"လို့ မေးတယ်။ ဒီအခါ မင်းသမီးလေးက "အရှင်မင်းကြီး ဘာဆုတောင်းပေးရမှာလဲ။ ဆုတောင်းရော ပြည့်ဝမလား။ လူဟာ ကိုယ်ပြုတဲ့အမှု ကိုယ်ခံစားရတာ မဟုတ်ပါပဲ"လို့ လျှောက်တယ်။ ဒီစကားကြားတော့ မင်းကြီး ဒေါပွသွားပြီး "မလိမ္မာတဲ့၊ အလိုက်မသိတဲ့၊ ရာဇပရိယာယ်မသိတဲ့ ဒီမိန်းကလေးကို တစ်ပြည်သား ဆင်းရဲသားလက်ထဲ ထည့်လိုက်စမ်း။ သင်ပြုတဲ့အမှုကြောင့်ရတဲ့ အကျိုးဘယ်လိုလဲဆိုတာ ခံစားပစေ"လို့ မိန့်လိုက်ကယ်။ ဒီတော့ အမှုထမ်းတွေကလည်း မင်းကြီး အမိန့်အတိုင်း မင်းသမီးကို တိုင်းပြည်က' နှင်ထုတ်လိုက်တာပေါ့။

ကလေးတို့ရေ မှန်ကန်တဲ့စကားကို ပကတိရိုးရိုးသားသား ပြောတတ်တဲ့ မင်းသမီးလေးဟာ ဇရပ်ပေါ်မှာ ဆင်းရဲသားအသွင်နဲ့နေတဲ့ မင်းသားလေးနဲ့ ထိမ်းမြားပေးလိုက်တယ်။ မင်းသမီးလေးကတော့ တုန်လှုပ်ချောက်ခြားခြင်းမရှိဘဲ မင်းသားလေးကို ကိုယ့်၂င်၊ ကိုယ့်ကြင်ယာအဖြစ် ကောင်းမွန်စွာ လုပ်ကျွေးတယ။ ရောဂါစွဲကပ်နေတဲ့မင်းသားလေးကို ဂရုတစိုက် ပြုစုစောင့်ရှောက်တယ်။

မင်းသားလေးနဲ့ မင်းသမီးလေးဟာ ခရီးလှည့်လည်သွားရင်း ဆင်းရဲချို့တဲ့စွာ ရှာကြံစားသောက်နေတယ်။ ဒီလိုနဲ့ တောအရပ် ရေအိုင်တစ်ခုအနီးရောက်တော့ မင်းသားလေးကို

ထားရစ်ပြီး ဆန်ဆီရှာဖို့ ရွာတစ်ရွာကို ထွက်သွားတယ်။ မင်းသား လေးကိုထားရစ်ပြီး ဆန်ဆီရှာဖို့ ရွာတစ်ရွာကို ထွက်သွားတယ်၊

မင်းသားလေး အိပ်နေချိန်မှာ တောင်ပို့ထဲကမြွေက ထွက်လာပြီး လေကောင်းလေသန့်ရှူဖို့ ပါးပျဉ်းထောင်ထားတယ်၊ အဲဒီအချိန်မှာပဲ မင်းသားလေး ဗိုက်ထဲက မြွေကလည်းထွက်လာ ပြီး လေကိုရှူတယ်။ မြွေနှစ်ကောင် တွေ့ဆုံတဲ့အခါမှာ တစ် ကောင်နဲ့တစ်ကောင် ရန်စောင်၊ မာနထောင်ရင်း ခိုက်ရန်ဖြစ် ကြတယ်။

"အောင်မာ အယုတ်တမာကောင်က ငါ့ကိုလာတုတယ်။ ငါ့ကို မင်းလို သူများနှိပ်စက်သူထင်လား။ မင်းက အပြစ်မရှိတဲ့ မင်းသားလေး ဗိုက်ထဲဝင်ပြီး ဒုက္ခပေးနေတာ"

"ဒီတော့ ဘာဖြစ်လဲ"

"နင်ဒုက္ခပေးနေတာ တန့်သွားအောင် ဝမ်းထဲက အပိုင်း ပိုင်းပြတ်ကျစေတဲ့ ဆေးနည်းမသိဘူးထင်လား။ မင်းသားလေး က မုန်ညင်းပြုတ်ရေသောက်ချလိုက်ရင် မင်းလိုကောင် သေပြီ"

"အောင်မာ ... ငါ့လျှို့ဝှက်ချက် မင်းသိတော့ရော ငါက ဘာမှုရမှာလဲ။ ငါလည်း မင်းလျှို့ဝှက်ချက် သိနေတာပဲ"

"ဘာဖြစ်လဲ"

"မင်းက မင်းနေတဲ့ တောင်ပို့ထဲက ရွှေအိုးကြီးတွေ စောင့်နေတာလေ။ ရွှေအိုးယူချင်သူက မင်းကိုသတ်ဖို့ အလွယ်

လေး။ တောင်ပို့အပေါက်ထဲက ဆီပူလောင်းချလိုက်ရင် မင်းသေပြီ"

မြွေနှစ်ကောင်ရန်ဖြစ်ပြီး တစ်ဦးရဲ့လျှို့ဝှက်ချက်ကို တစ်ဦးက ဖော်ထုတ်ရာ ရွာကိုသွားသော မင်းသမီးလေးက အလုံးစုံကြားသွားတယ်။ ဒါနဲ့ မင်းသားလေးကို မုန်ညင်းပြုတ်ရည်တိုက်လိုက်တဲ့အခါ ဝမ်းဗိုက်ထဲက မြွေသေသွားတယ်။ ဒီအခါ ခံစားနေရတဲ့ရောဂါတွေလည်း ပျောက်သွားတယ်။ နောက်တစ်ခါ တောင်ပို့ထဲကို ဆီပူလောင်းချတော့ ရွှေအိုးတွေစောင့်တဲ့ မြွေလည်း သေပြန်ရော။ ဒီအခါ ရွှေအိုးတွေတူးယူပြီး နှစ်ဦးသား ပျော်ရွှင်စွာနဲ့ တိုင်းပြည်ပြန်ကြတယ်။

"ကိုယ်ပြုတဲ့အမှု ကိုယ်သာ အကျိုးခံစားရမယ်"လို့ မှန်ကန်တဲ့စကားဆိုတဲ့ မင်းသားလေးဟာ ခုတော့ ခုတော့ ဘုရင်ရဲ့မိဖုရားအရာ ရသွားပါတယ်။ ဗိဓ္ဓရာဇာမင်းကြီးနတ်ရွာစံတော့ ဖခင်ရဲ့ အရိုက်အရာဆက်ခံခွင့်ရတဲ့ မင်းသားလေးက ဘုရင်ဖြစ်လာတယ်။ ဒီအခါ အစစအရာရာ အနွံတာခံလာတဲ့ မင်းသမီးလေးကို ရွှေလက်ဆွဲပြီး နန်းတက်ခဲ့တာကိုး။

ကလေးတို့ရေ ...

ဒီပုံပြင်လေးမှာ မှတ်သားစရာ နှစ်ချက်ရှိတယ်နော်။ တစ်ချက်က လျှို့ဝှက်ချက်ကို မပေါက်ကြားအောင် လုံခြုံစွာ ထိန်းသိမ်းရမည်။ လျှို့ဝှက်ချက်ပေါက်ကြားရင် ပျက်စီးဆုံးရှုံးရတယ်

ဆိုတာကတစ်ချက်။ နောက်တစ်ခုက ကိုယ်ပြုတဲ့ကံ ကိုယ်သာအကျိုးခံစားရတယ်။ ကောင်းမှုလုပ်သူဟာ ကောင်းကျိုးရမယ်" မကောင်းမှုပြုသူဟာ မကောင်းမှုခံစားရမယ်။ အဲဒါ ကံကံရဲ့အကြောင်းတရားပဲ။ အဲဒါ မှတ်သားသတိ ရှိကြပါကလေးတို့။

# ကြွက်မ

ကလေးတို့ရေ တို့များနေတဲ့ လောကကြီးဖြစ်တည်ပုံက အင်မတန် ဆန်းကြယ်တယ်ကွဲ့။ ပိုပြီးဆန်းကြယ်တာက အဲဒီ လောကကြီးထဲမှာ မှီတင်းနေတဲ့ သတ္တဝါတွေ။ သတ္တဝါတွေရဲ့ ကနဦးအစကို ခုချိန်ထိ တိတိကျကျ မဖော်ထုတ်နိုင်သေးဘူး။ မှန်းဆတွက်ချက်မှုပဲ ရှိသေးတယ်။ အထောက်အထားတွေ သမိုင်းအချက်အလက်တွေကြည့်ပြီး ဒါဆို ဒီလို ဖြစ်နိုင်တယ်လို့ မှန်းဆနိုင်ရုံပဲ ရှိသေးတယ်။ အေး...ရုပ်ဝတ္ထုသဏ္ဌာန်ကို မှန်းဆရ ပေမဲ့ စိတ်ကိုတော့ ဘယ်လိုမှ မှန်းဆလို့ မရနိုင်ဘူး။ စိတ်ရဲ့ ဆန်းကြယ်မှုက တို့လူသားတွေ မှန်းဆလို့မရတဲ့အရာပဲ။ ဒါကြောင့်လည်း လူစိတ်ကိုအကဲဖြတ်ရာမှာ မိုးနဲ့သရက်၊ အိုးနဲ့ ကြွက်လိုဘဲ မှန်းဖို့ခက်သတဲ့။ ကြွက်ဆိုတဲ့သတ္တဝါဟာ အတွင်း သဘောကို မှန်းဆလို့မရဘူးတဲ့။ တွင်းတူးပြီး မအောင်းတဲ့ကြွက်နဲ့

တူသူ၊ အောင်းကားအောင်းတယ် တွင်းတော့မတူးတဲ့ကြွက်နဲ့တူသူ တူးလည်းတူး အောင်းလည်းအောင်းတဲ့ကြွက်နဲ့တူသူ တူးလည်းမတူး အောင်းလည်းမအောင်းတဲ့ကြွက်နဲ့ တူသူလို့ စရိုက်အကျင့်ကြည့်ပြီး ခွဲထားတယ်။ ဒါကြောင့် ကြွက်တော့ကြွက်ပဲ။ ဒါပေမဲ့ မတူကွဲပြားတဲ့ကြွက်တွေ အကြောင်းက ပုံသေကားချပ်ပြောဖို့ ခက်တယ်။ ဒါနဲ့ပတ်သက်ပြီး စိတ်ဝင်စားစရာပုံပြင်လေးတစ်ပုဒ် ပြောပြမယ်။

တစ်ခါက မြစ်ချောင်းနဲ့နီးတဲ့ တောစပ်တစ်ခုမှာ ရသေ့လင်မယားက တဲကျောင်းတစ်ကျောင်းနဲ့ နေသတဲ့။ ဒီရသေ့ကတော့ တို့များမြင်ဖူးတွေ့ဖူးတဲ့ ရသေ့မျိုး ဟုတ်မယ်မထင်ဘူး။ အိမ်ထောင်သားမွေး ပြုခွင့်ရှိတဲ့ရသေ့မျိုးဖြစ်မယ်။ ဒါပေမဲ့ အဲဒီရသေ့လင်မယားမှာတော့ သားထောက်သမီးခံ မရှိသေးဘူးတဲ့။ အဲဒီရသေ့ဟာ ကျောင်းအနီးမှာစီးဆင်းနေတဲ့ မြစ်ထဲရေဆင်းချိုးနေတုန်း စွန်တစ်ကောင်က သူချီလာတဲ့အစာကို လွှတ်ချလိုက်တယ်။ အဲဒီအစာက ရသေ့လက်ထဲ တည့်တည့်ကျလာတယ်။ ကြည့်လိုက်တော့ ကြွက်မလေးတစ်ကောင် ဖြစ်နေသတဲ့။

ရသေ့က ရေချိုးလက်စတန်းလန်းမို့ ကမ်းပေါ်တက် သစ်ရွက်လေးတစ်ရွက်ပေါ်မှ ကြွက်လေးကိုတင်ထားပြီး ရေပြန်ချိုးတယ်။ ရေချိုးပြီး ကြွက်မလေးကိုကြည့်တော့ မသေမသေ‌ မှန်းသိလိုက်တယ်။ ဒါနဲ့ ကရုဏာသက်ပြီး သမီးအဖြစ် မွေးစားဖို့

ကြွက်မလေးကို သူရထားတဲ့ တန်ခိုးသဒ္ဓိနဲ့ လူမလေးအဖြစ် ဖန်ဆင်းလိုက်တယ်။ ပြီးတော့ အဲဒီကလေးမလေးကို ကျောင်းသခ်န်းခေါ်သွားပြီး သမီးအဖြစ် မွေးစားဖို့ ရသေ့မကို အပ်နှံလိုက်တယ်။

ကြွက်မလေးတစ်ဖြစ်လဲ လူမိန်းကလေးကို ရသေ့မကလည်း ချစ်ခင်မြတ်နိုးလို့ ဂရုတစိုက်မွေးကျွေးတယ်။ ဆုံးမသွန်သင်တယ်။ ဒီလိုနဲ့ သူတို့သမီးရေးက အရွယ်ရောက်လာပါရော။ ဒီတော့ မိဘတို့ ဝတ္တရားအတိုင်း ထိမ်းမြားပေးအပ်ဖို့ တိုင်ပင်တယ်။ ရသေ့မက သူတို့ရဲ့က သမီးချောကို သာမန်လူနဲ့တော့ မပေးစားနိုင်ဘူး။ ဘုန်းတန်ခိုးအာဏာရှိသူ၊ အထွတ်အထိတ်ဖြစ်သူနဲ့သာ ပေးစားနိုင်မယ်လို့ ပြောသတဲ့။ ဒီအခါ ရသေ့က စဉ်းစားတယ်။ လောကမှာ တန်ခိုးလည်းရှိ၊ အထွန်အမြတ်လည်းဖြစ်တာက နေမင်းပဲ။ ဒီတော့ နေမင်းထံ သူတို့သမီးကို အပ်နှံမယ်ဆိုပြီး ခေါ်သွားတယ်။

"အိုး ... တန်ခိုးရှင်နေမင်း သင်ဟာလောကမှာ တန်ခိုးအကြီးမားဆုံးလို့ ထင်တယ်။ ဟောဒီ ကျုပ်ရဲ့သမီးချောက အဆင်းရူပါလှပတယ်။ မိန်းမကောင်းတို့ ကြန်အင်္ဂါနဲ့ ပြည့်စုံတယ်။ ဒီသမီးကို လက်ခံပါလို့"

ဒီစကားကြားတော့ နေနတ်သားက စဉ်းစားတွေဝေနေတယ်။ ဒီအချိန်မှာ သူတို့ရဲ့သမီးက "ဖခင်နေမင်းရဲ့ကိုယ်က

ပူလောင်လွန်းတယ်။ သူနဲ့ပေါင်းဖက်ရရင် သမီးကို အရည်ပျော်သွားမှာပေါ့။ နေမင်းကိုတော့ လက်မထပ်ချင်ဘူးလို့ ငြင်းတယ်။

ကြွက်မလေးက ငြင်းပယ်မှ အင်တင်တင်ဖြစ်နေတဲ့ နေမင်းကြီးက "ရှင်ရသေ့ သင်က ငါ့ကိုတန်ခိုးကြီးတယ်လို့ ထင်တာ။ တကယ်တော့ ငါ့ထက်တန်ခိုးကြီးတာက တိမ်တိုက်ပါ။ တိမ်တိုက်က ငါ့ကိုဖုံးလွှမ်းသွားရင် ငါ့အရှိန်အဝါတွေက အလိုလို ပျောက်ကွယ်သွားတယ်။ ဒါကြောင့် တိမ်နတ်သားသာ သင့်သမီးနဲ့ထိုက်တန်ပါတယ်"လို့ပြောတယ်။ ဒီတော့ ရသေ့က သူ့သမီးကို ခေါ်ပြီး တိမ်နတ်သားဆီ သွားတယ်။

"တန်ခိုးရှင် တိမ်နတ်သား ... သင်လိုတန်ခိုးရှင်နဲ့ လိုက်ဖက်တဲ့ ကြင်ယာဟာ ကျုပ်သမီးပဲ ဖြစ်မယ်။ ကျုပ်သမီးလေးကို လက်ထပ်ပါ"

အဲဒီလို သမီးကို အပ်တဲ့အချိန်မှာပဲ ဖြစ်မယ်။ သမီးက ထပြောတယ်။

"အိုဖခင် ဒီလောက် ညှိုပုတ်မည်းညစ်နေတဲ့တိမ်တိုက်နဲ့တော့ သမီး လက်မထပ်ပါရစေနဲ့။ မည်းညစ်တဲ့ သူ့အရောင်တွေ သမီးကိုဖုံးရင် သမီးအလှတွေ ပျက်ပြီပေါ့"

အဲဒီအခါမှာပဲ တိမ်နတ်သားက ပြောတယ်။ "သင်ရသေ့ တန်ခိုးရှိသူရှာတယ်ဆိုရင် ကျုပ်နဲ့ မလျောက်ပတ်ဘူး။ ကျုပ်ထက်တန်ခိုးကြီးတာက လေနတ်သားပါ။ လေတိုက်ရင်

တိမ်တွေက တုံ့တည်မခံနိုင်ဘူး။ လွင့်ပြေးရရော။ လေနတ်သားက ကျုပ်ထက် တန်ခိုးကြီးတယ်လို့" ပြောတော့ ရသေ့နဲ့ ကြွက်မလေးက လေနတ်သားဆီ ရောက်သွားတယ်။

"အို ... စွမ်းအားရှင် လေနတ်သား ... သင်ဟာ ကောန်တန်ခိုးကြီးတယ်ဆိုရင် ကျုပ်သမီးကို လက်ဆက်ယူပြီး တင့်တယ်ပါစေ"

ဒီစကားပြောချိန်မှာ ကြွက်မလေးက "အို ဖခင် ဒီလောက် လျှပ်ပေါ်လော်လီတဲ့ လေနတ်သားနဲ့တော့ သမီးကို မပေးစားပါနဲ့။ သမီးဘဝ လေစုံမျောသွားပါမယ်လို့ ငြင်းတယ်။ ဒီအခါ လေနတ်သားကလည်း "အသင်ရသေ့ ကျုပ်စွမ်းအား ရှိတာ မှန်ပါတယ်။ ဒါပေမဲ့ ကျုပ်ထက် စွမ်းအားကြီးသူက တောင်ပို့ပါ။ ကျုပ် ဘယ်လိုကြိုးစားကြိုးစား တောင်ပို့ ပြိုအောင် တော့ မစွမ်းနိုင်ပါဘူး"လို့ ပြောတယ်။ ဒီအခါ ရသေ့နဲ့ သူ့သမီး ကြွက်မလေးက တောင်ပို့နတ်ဆီ သွားပါတယ်။

"အို ခွန်အားဗလ ကြံ့ခိုင်သန်စွမ်းတဲ့တောင်ပို့မင်း သင်လို စွမ်းအားရှိသူဟာ ကျွန်ုပ်သမီးနဲ့ အသင့်လျော်ဆုံးဖြစ်မယ်"

ဒီလိုပြောတော့ ကြွက်မလေးက "အိုဖခင် မတုန်မလှုပ် ကျောက်ရုပ်ကြီးလိုပုဂ္ဂိုလ်နဲ့တော့ သမီးကိုမပေးစားပါနဲ့ စိတ်ဆင်းရဲပြီး သမီးသေရပါလိမ့်မည်လို့ တောင်းပန်တယ်။ ဒီအချိန်မှာ တောင်ပို့နတ်ကလည်း "ရှင်ရသေ့ ကျုပ်ကို အများက ကြံ့ခိုင်

တယ် ထင်နေတယ်။ တကယ်တော့ ချွန်ထက်မာကြောတဲ့ သွားပိုင်ရှင်ကြွက်က ကျုပ်ကိုဖောက်ရင် မခံနိုင်ပါဘူး။ ကျုပ်ထက် တန်ခိုးကြီးသူက ကြွက်ပါ"လို့ ပြောသတဲ့။

သမီးကို တန်ခိုးရှင်နဲ့ ထိမ်းမြားပေးဖို့ တန်ခိုးရှင်ကို နယ်လှည့်ရှာတဲ့ ရသေ့ဟာ နောက်ဆုံးတော့ ကြွက်ဟာ တန်ခိုး ရှင်မှန်းသိသွားတယ်။ အဲဒီအခါမှာ ကြွက်မလေးက ပြောတယ်။

"အို ဖခင်။ ကြွက်မျိုးဖြစ်တဲ့ ကျွန်မဟာ ကြွက်နဲ့သာလျှင် အသင့်တော်ဆုံး ဖြစ်ပါလိမ့်မည်။ ဒါကြောင့် လူအဖြစ်ကနေ ကြွက်အဖြစ် ပြန်ပြောင်းပေးပါ။ ကြွက်နဲ့ လက်ထပ်ပါရစေလို့ တောင်းဆိုသတဲ့"

ကလေးတို့ရေ ဒီပုံပြင်ကိုနားထောင်ပြီး ဘယ်လို သင်ခန်းစာမျိုး ဆွဲထုတ်လို့ရလဲ။ တစ်ပါးတခြားသူကို အထင်ကြီး အားကိုတာထက် ကိုယ့်အမျိုးကိုယ်အားကိုးတာ အမှန်ဆုံးပဲ ဆိုတဲ့ အတွေး မရဘူးလား။ တို့များက တစ်ခြားတစ်ပါးသားကို အထင်ကြီးတတ်ကြတယ်နော်။ အေးလေ လူစိတ်က ဆန်းပြား တာကို။ မှန်မှန်ကန်ကန် ကျိုးကြောင်းဆင်ခြင်တွေးရင်တော့ အဖြေမှန်ရမှာပါ။ ကလေးတို့ တွေးခေါ်မြော်မြင်စိတ် ရှိပါစေ ကွယ်။

—ပြီးပါပြီ—

## လိုတရဝတ်ရုံကို ဝတ်ဆင်ခြင်း

အဘိုးပညာဟာ မင်းသားလေးကို 'လိုတရဝတ်ရုံ'ကို သိမ်းထားရာမှ ထုတ်ပေးပြီး ဒီဝတ်ရုံဝတ်ဆင်ပြီး မိမိအလိုချင်ဆုံး တစ်ခုခုကို တောင့်တလိုက်ပါ။ ချက်ချင်း ပြည့်စုံသွားလိမ့်မယ်။ ဒါပေမဲ့ မိမိရဲ့တောင်းဆိုမှုကို ပြောင်းလဲလို့ မရဘူး။ ဘာဖြစ်ချင် ပါတယ်ဆိုတဲ့ဆန္ဒ ဖြစ်ပေါ်ရင် တောင်ဆိုထားမှုတွေ ပျောက် ကွယ်သွားမယ်။ လက်ရှိပိုင်ဆိုင်မှုတွေလည်း ပျောက်ဆုံးသွားမယ် လို့ သတိပေးတယ်။

ကန့်သတ်ချက်တွေကြားရတော့ မင်းသားလေး တွေး လိုက်တယ်။ "ငါဟာ ဘာကို အတောင့်တဆုံးလဲ။ ချမ်းသာမှု လား၊ ကျန်းမာမှုလား၊ စိတ်ချမ်းသာမှုလား ဘယ်ကိစ္စဟာ ငါ့အတွက် အရေးကြီးဆုံးလဲ"လို့ တွေးတယ်။

ျပျမ<

ဒီလောကမှာ အရင်းနှီးဆုံးဆိုလို့ မယ်တော်ပဲ သူ့အနားမှာ ရှိတယ်။ မယ်တော်ကလည်း မိမိအပေါ်မှာ မျှော်လင့်ချက်ထားတယ်။ မယ်တော်နှုတ်က ဖွင့်မပြောပေမဲ့ ဆုံးရှုံးသွားတဲ့ ဖခမည်းတော်ရဲ့ ထီးမွေနန်းမွေကို ပြန်လိုချင်တယ်။ အဲဒီနေရာမှာ မိမိကို ရှိနေစေချင်တယ်။ ဒါဟာ မယ်တော့်ဆန္ဒ ဖြစ်မယ်လို့ စဉ်းစားမိတယ်။

ဒီလိုဆိုရင် မယ်တော့်ဆန္ဒဖြည့်ဆည်းဖို့ လက်လွတ်ဆုံးရှုံးတဲ့ထီးနန်း ငါသိမ်းပိုက်ပါရစေလို့ ဆုတောင်းမလား။ ဒီလိုဆုတောင်းရင် မတရားလုယူခဲ့တဲ့ ဦးရီးတော်ရဲ့ အသိုင်းအဝိုင်းတွေကို သုတ်သင်ရှင်းလင်းရမည်။ ဒါအတွက် စစ်ပွဲတွေဆင်နွှဲရမယ်။ လူတွေကို သွေးချောင်းစီးအောင် သတ်ရမယ်။ ဒီအဖြစ်မျိုးကို လိုလားသလား။

မင်းသားလေး ဘာဖြစ်ချင်လဲ။ ဘာလုပ်သင့်လဲဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်မေးခဲ့တယ်။ မဆုံးဖြတ်နိုင်ခဲ့ဘူး။ ဆုံးဖြတ်နိုင်တဲ့ အသိပညာ သူ့မှာ မရှိသေးဘူး။ ဒါကြောင့် လိုတရ ဝတ်ရုံဝတ်ဆင်ဖို့ အချိန်မကျသေးဘူးဆိုပြီး အဘိုးပညာထံ ပြန်အပ်နှံခဲ့တယ်။

ဝတ်ရုံပြန်အပ်နှံပြီးနောက်တစ်နေ့မှာ အဘိုးပညာက

"လာ မင်းသားလေး ကျွန်ုပ်သင့်ကို ပုံပြောပြမယ်။ အေးအေး ဆေးဆေးလမ်းလျှောက်ရင်း ကျွန်ုပ်ပြောတာကို နားထောင်ပါ" ဆိုပြီး တောလမ်းလေးအတိုင်း ခေါ်သွားတယ်။ တောင်တန်း တစ်ခုပေါ် တက်ခဲ့တယ်။ တောင်ကုန်းရဲ့တစ်နေရာမှာ ဧရာမ ကျောက်ဖျာကြီးတစ်ချပ် ရှိတယ်။ အဲဒီနေရာထိခေါ်သွားပြီး ကျွန်ုပ်အတွက် အဖိုးတန်ပုံပြင်တွေပြောပြတယ်။ ကျောက်ဖျာ ဆီကို နေ့စဉ်ရက်ဆက်လိုလို သွားကြပါတယ်။ ဒါပေမဲ့ အဘိုး ပညာ နေထိုင်မကောင်းလို့ သုံးလေးငါးရက် ပျက်သွားတာလည်း ရှိတယ်။ အဖျားအနာသက်သာရင် တစ်ခါတောင်ပေါ်ပြန်တက် ကြတယ်။ ပုံပြင်အသစ်တွေ ပြောပြတယ်။ ဒီပုံပြင်ရဲ့ ရည်ရွယ်ချက် ဆိုလိုရင်းသဘောတရားတို့ကို ရှင်းပြတယ်။ ဒါနဲ့ဆက်စပ်ပြီး သင်ခန်းစာယူစရာ အဖြစ်အပျက်များကိုလည်း ပြောပြတယ်။

တစ်လတိတိ ကြာတဲ့အခါမှာတော့ အဘိုးပညာက ကျွန်ုပ်ကို လိုတရဝတ်ရုံဝတ်ဖို့ အဆင်သင့်ဖြစ်ပြီလားလို့မေးတယ်။ ဒီအခါ အဘိုးပညာဘက်လှည့် တည်ငြိမ်တဲ့အကြည့်နဲ့ အတန် ကြာစိုက်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်တယ်။ အဘိုးပညာက အင်မတန် ကျေနပ်တဲ့အပြုံးနဲ့ ပြုံးပြုံးကြီး ကြည့်နေပြီးမှ ကျောက် သေတ္တာထဲ ပြန်သိမ်းထားတဲ့ လိုတရဝတ်ရုံကို ထုတ်ပေးတယ်။

မင်းသားလေးဟာ အဘိုးပညာပေးတဲ့ လိုတရဝတ်ရုံကို ဝတ်လိုက်ပြီး လောကအားလုံးကို သိမ်းခြုံကြည့်လိုက်ပြီး အမိဗွာယ် ပါပါ ပြုံးလိုက်ပါတော့တယ်။